# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၊ တနင်္လာနေ့၊ (22-2-2016) (၈၄၈၄)


**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်း မြစ်ကမ်းပါးတိုက်စားခြင်းနှင့် ရေဘေးအန္တရာယ် ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကြည့်ရှုစစ်ဆေး



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဇလွန်မြို့နယ်အတွင်း ဧရာဝတီမြစ်ရေတိုက်စားမှုကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် စက်ယန္တရားများစုဖွဲ့ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)


နေပြည်တော် ဖေဖော်ဝါရီ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်း ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးတိုက်စားမှုအခြေအနေ၊ တာတမံပြိုကျပျက်စီးပြီး ဖြစ်ပေါ်လာနိုင်သည့်အန္တရာယ်နှင့် မြေဧရိယာများ ပျက်စီးဆုံးရှုံးနိုင်သည့်အခြေအနေများမှ ကာကွယ်နိုင်ရန် ရေလွှဲဖြတ်မြောင်းတူးဖော်ခြင်းနှင့် မြစ်ကမ်းပါးတိုက်စားမှု ကာကွယ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

ရေလွှဲဖြတ်မြောင်းဖြတ်သန်းတူးဖော်ရမည့် လယ်ယာမြေများနှင့် ပတ်သက်ပြီး စိုက်ပျိုးစရိတ်နှင့် မြေတန်ဖိုး၊ စိုက်ပျိုးထားသည့်သီးနှံများ ရောင်းချပါက ရရှိမည့်ငွေတန်ဖိုးတို့ကို တွက်ချက်ပြီး လျော်ကြေးပေးမည့်အပြင် နိုင်ငံတော်မှသင့်တော်သည့်ကရုဏာကြေးလည်း ထပ်ဆောင်းပေးမည်ဖြစ်။



**ကြေးမုံ စာတည်းရှုထောင့်** **၂၂-၂-၂၀၁၆၊ တနင်္လာနေ့**

# အခြေခံအုတ်မြစ်ကောင်းများ စိုက်ထူ

အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အလားအလာများကို မျက်မှောက်ကာလ လူငယ်လူရွယ်လေးများ၏ မြင့်မားသော အရည်အချင်းများက ဖန်တီးပေးနိုင်ပေသည်။ အနာဂတ်ကာလ ဖွံ့ဖြိုးသောနိုင်ငံဖြစ်လာရေးအတွက် မည်မျှပြောနေစေကာမူ ယနေ့ကျောင်းနေစကလေးငယ်များ ပညာဖွံ့ဖြိုးမှုနည်းနေသရွေ့ တိုးတက်မှုအလှမ်းဝေးနေဦးမည်ဖြစ်သည်။ ထို့ကြောင့် မျက်မှောက်ကာလ ရင်သွေးငယ်များ၊ ကျောင်းနေစကလေးငယ်များအား ဉာဏ်ရည်မြင့်မားသော ကလေးငယ်များဖြစ်အောင် ဦးစွာစနစ်တကျ ပျိုးထောင်ကြရသည်။

ကလေးငယ်များ၏ လက်ဦးဆရာသည် မိဘများသာမက ဆရာများလည်း ပါဝင်သည်။ ကျောင်းနေစကလေးငယ်များ၏ တစ်နေ့တာ ဖွံ့ဖြိုးလာမှုအချိန်များကိုကြည့်လျှင် ဆရာများနှင့်သာ အထိအတွေ့များသည်။ **“ဆရာမပြ ငပိဖုတ်တောင် နည်းမကျ”** ဟုဆိုသည့်အတိုင်း ကျောင်းသားလူငယ်လေးများအား ကကြီး၊ ခကွေးရေးသားနည်းမှအစ ပြည်သူ့နီတိ၊ ယဉ်ကျေးလိမ္မာအဆုံး စနစ်တကျသင်ကြားပြသပေးရသည်။

ငယ်စဉ်တောင်ကျေးကလေးဘဝမှစ၍ ပညာရည်နို့ကို စနစ်တကျတိုက်ကျွေးပြီး ပြုစုပျိုးထောင်မှု မှန်ကန်လာသောအခါ မျိုးစေ့မှန်၍ အပင်ကောင်း၊ အပင်သန်ဖြစ်လာသည်။ အသီးအပွင့်ကောင်းများနှင့် ဝေဆာဖွံ့ဖြိုးသော အပင်ကောင်းကို ဥယျာဉ်မှူးက စနစ်တကျပျိုးထောင်ပေးနိုင်၍ ဤသို့ဖွံ့ဖြိုးလာခြင်းဖြစ်သည်။ အလားတူ အနာဂတ်တွင် လူချွန်လူကောင်းလေးများဖြစ်အောင် စနစ်တကျ ပျိုးထောင်တတ်သော ဆရာများရှိဖို့လိုသည်။

ဆရာဟူသည်မှာလည်း စေတနာသုံးတန်ဖြင့် ကလေးငယ်များအား ပျိုးထောင်ပေးရသူများဖြစ်သည်။ တစ်ချိန်သောကာလက စေတနာသုံးတန်ဖြင့် ယနေ့ ကြီးပြင်းလာသူများအား ပြုစုပျိုးထောင်ပေးခဲ့သော ဆရာများ၏ခေတ်မှာ ကုန်ဆုံးကွယ်ပျောက်လုပြီဖြစ်သည်။ ယနေ့ကလေးငယ်များကို ပြုစုပျိုးထောင်ကြသည့် ဆရာများမှာ စေတနာသုံးတန်နည်းသော ဆရာများဟု ဆိုလိုခြင်းမဟုတ်ချေ။ မျက်မှောက်ကာလမှာ “အုမတောင့်မှ သီလစောင့်” နိုင်သောခေတ်ဖြစ်လာ၍ ဆိုရခြင်းဖြစ်သည်။

ဆရာများ၏ လုပ်ခလစာနှင့် ကျောင်းသားအရည်အချင်း တိုက်ရိုက်အချိုးကျသည်ဟု သုတေသနစစ်တမ်းများက ဆိုထားသည်။ မျက်မှောက်ကာလ၌ အခြေခံပညာဆရာ ဆရာမများ၏ လစာဝင်ငွေမှာ အခြေခံဟုဆိုသည့်အတိုင်း အခြေခံအနိမ့်ဆုံးလစာသာရှိသည်။ ထိုသို့နည်းပါးလှသည့် လစာငွေလေးဖြင့် ကျောင်းသားအရည်အချင်းမြင့်မားအောင် ဆောင်ရွက်ပေးနိုင်လိမ့်မည် မဟုတ်ချေ။

လက်ရှိအနေအထားတွင် လစာဝင်ငွေမများနိုင်သေးသော်လည်း ဆရာနှင့်ကျောင်းသားဦးရေအချိုးမမျှသည့် အခြေအနေများကို ပြုပြင်ပြောင်းလဲရန် ဆောင်ရွက်နေသဖြင့် ဖြေသာသည်ဟု ဆိုရမည်ဖြစ်သည်။ အခြေခံပညာမူလတန်းကျောင်းများအား ဖွဲ့စည်းပုံပြင်ဆင်ပြောင်းလဲပြီး မူလတန်းပြဆရာ၊ ဆရာမတစ်သိန်းကျော် တိုးချဲ့ခန့်ထားပေးမည်ဟု ကြားသိရသည်။

အနာဂတ်တွင် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းလာအောင် အခြေခံပညာကို ဦးစွာပြုစုပျိုးထောင်ကြရမည်ဖြစ်သည်။ လိုအပ်သော ကျောင်းသား/ဆရာအချိုးအစားအတိုင်း ဖြည့်ဆည်းပေးရမည်ဖြစ်သလို ဆရာများ၏ အရည်အချင်းနှင့် ခံစားခွင့်များကို မြှင့်တင်ပေးရမည်ဖြစ်သည့်အပြင် နိုင်ငံတော်ကအတိုင်းအတာမည်မျှအထိ ပံ့ပိုးပေးနိုင်သည်တို့သည်လည်း အရေးပါသည်။

အရည်အချင်းပြည့်ဝသည့် ဆရာကောင်းများ ရရှိရန်အတွက် နှစ်နှင့်ချီကာ ပျိုးထောင်ရသည်။ နယ်မြို့နယ်များတွင် ဆရာအင်အားနည်းပါးပြီး မြို့ပြများတွင် ဆရာအင်အားလုံလောက်နေခြင်းသည် မမျှတသည့် သဘောဖြစ်နေသည်။ ကျေးလက်များတွင် ဆရာလစာထက် ဆရာအင်အားမမျှတမှု၊ ကျောင်းအင်္ဂါရပ် မပြည့်စုံမှုများက အနာဂတ်အတွက် အားထားရမည့် ကလေးငယ်များအတွက် အခက်အခဲများပင် ဖြစ်သည်။

သို့သော် အနာဂတ်မြန်မာ့ပညာရေး မြင့်မားလာရန်အတွက် တစ်ဆင့်ချင်း တက်လှမ်းနေရသည်ကို နားလည်ရမည်ဖြစ်သည်။ တိုင်းပြည်အတွက် အထောက်အပံ့ကောင်းများကို ပေးဝေရာ၌ အခြေခံကျသည့် ပညာရေးကို မြှင့်တင်အုတ်မြစ်ချပေးနိုင်မှသာ အရည်အချင်းရှိသော အနာဂတ်ပုံပေါ်လာမည်ဖြစ်သည်။ ။

## အရန်ဆန်နှင့် ကြိတ်ခွဲဆန်များ သိုလှောင်ထားရှိ အရည်အသွေးမီဆန်များကြိတ်ခွဲ၍ ပြည်တွင်း ပြည်ပသို့ တင်ပို့နိုင်ရေးဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မိုးစပါးရာသီ အရန်ဆန်များနှင့် ကြိတ်ခွဲရန်အသင့် သိုလှောင်ထားရှိသော ပုလဲသွယ်စပါး သိုလှောင်ရုံသို့ရောက်ရှိပြီး ဆန်တန်ချိန် ၁၀၀၀၀ ကြိတ်ခွဲပြီး ဈေးကွက်သို့ တင်ပို့ရန်အသင့် သိုလှောင်ထိန်းသိမ်းထားမှု၊ ဆန်စက်တပ်ဆင်မှုလုပ်ငန်း ပြီးစီးသည်နှင့် အသင့်ကြိတ်ခွဲရန်အတွက် အရန်သိုလှောင်ထားသော ပုလဲသွယ် စပါးပုံကြီးတို့ကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဦးဝင်းမြင့်တို့သည် ယနေ့ နံနက်က စစ်ဆေးကြည့်ရှု၍ အရည်အသွေးပိုင်းဆိုင်ရာ ထိန်းသိမ်းမှုစနစ် ကောင်းမွန်ရေး ဆွေးနွေးသည်။

ယင်းနောက် တစ်နေ့လျှင် တန် ၅၀၀ ကျ ခေတ်မီ အဆင့်မြင့် ဆန်စက်များ တပ်ဆင်ထားရှိမှုနှင့် စက်များစတင်လည်ပတ်ရန် ၉၅ ရာခိုင်နှုန်း အသင့်ဖြစ်နေမှုကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ နိုင်ငံတကာ ISO စံချိန်စံညွှန်းအဆင့်မီ ကြိတ်ခွဲမည့် စက်ရုံစီမံကိန်းအား အားပေးခဲ့ကြပြီး အရည်အသွေးမီ ဆန်များကြိတ်ခွဲ၍ ပြည်တွင်း၊ ပြည်ပ ဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်ထားမှုများကို အပြန်အလှန်ဆွေးနွေး လေ့လာကြသည်။

ထို့နောက် တစ်လုံးလျှင် တန်(၅၀၀) သိုလှောင်နိုင်သည့် ဆိုလို (Solo) ၁၀ လုံး တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် တစ်လုံးလျှင် တန်(၂၀၀၀) သိုလှောင်နိုင်သည့် ဆိုလို (Solo) ၁၀ လုံး တည်ဆောက်နေသည့် စီမံကိန်းကို ကြည့်ရှုအားပေးသည်။

၎င်းနောက် ဒဂုံ(အရှေ့) စက်မှုလယ်ယာဇုန်မှ ကုမ္ပဏီလုပ်ငန်းရှင်များသည် အစည်းအဝေးရှင်းလင်းဆောင်တွင် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် ပင်လယ်ကိုးသွယ် ကုမ္ပဏီမှ ရန်ကုန်တိုင်းဒေသကြီးအတွက် တောင်သူများ မိုးစပါးရာသီအချိန်မီ စိုက်ပျိုးနိုင်ရန် ဖိလစ်ပိုင်နိုင်ငံ SLH ကုမ္ပဏီနှင့် ဖက်စပ်ပြီးတစ်ဆက်တစ်စပ်တည်း ပုလဲသွယ်စပ်မျိုးစပါး F-1 မျိုးစေ့ထုတ်စိုက်ကွင်း ဧက ၂၅၀ တွင် အဖိုလိုင်း (R)နှင့် အမလိုင်း(A)များ စိုက်ပျိုးပြီးစီးမှုအား ကြည့်ရှုစစ်ဆေးအားပေးကြသည်။


**(သတင်းစဉ်)**

## မဲရုံအဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**သာစည် ဖေဖော်ဝါရီ ၂၁**

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို စိတ်အားထက်သန်စွာ တာဝန်ကျေပွန်စွာ ဆောင်ရွက်ခဲ့ကြသည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ပေးပို့သည့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဝါလားနှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**မောင်ကို(သာစည်)**



## အယ်လ်နီညိုဖြစ်စဉ်ကို ကြိုတင်ကာကွယ်ရန် ရေချွေတာသုံးစွဲရေးအဖွဲ့ကို ဖွဲ့စည်းမည်

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၁**

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများကို ကြိုတင်ကာကွယ်နိုင်ရန် ရေချွေတာသုံးစွဲရန် နည်းပညာပေးခြင်းနှင့် ရေချွေတာသုံးစွဲရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ရန် စီစဉ်ထားကြောင်း သိရသည်။

“အယ်လ်နီညိုဖြစ်စဉ်ကြောင့် မြစ်ရေတင်တွေမှာ အသုံးပြုတဲ့ လျှပ်စစ်စွမ်းအင်ပြတ်တောက်နိုင်တာနဲ့ သတ်မှတ်ဗို့အားမပြည့်မီတာတွေ ဖြစ်လာနိုင်သလို မြစ်ချောင်းတွေမှာ ရေအမှတ်တွေကျဆင်းပြီး စီးဆင်းတဲ့ ရေပမာဏလျော့ကျနိုင်ခြင်းနဲ့ သဲသောင်တွေ ပိုဖြစ်လာနိုင်ပါတယ်။ ဒါ့အပြင် မြေအောက်ရေ Level ကျဆင်းလာနိုင်တဲ့အတွက် ဆိုးကျိုးတွေကို ကြိုတင်ကာကွယ်နိုင်အောင် စီစဉ်ဆောင်ရွက်တာတွေ စတင်နေပါပြီ” ဟု စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

ကြိုတင်ကာကွယ်ခြင်းအနေဖြင့် မြစ်ရေတင်ဧရိယာအတွင်းရှိ သောက်သုံးရေကန်များ ရေပိုမိုသိုလှောင်နိုင်ရန်ပြုပြင်ပေးခြင်းနှင့် ရေကြိုတင်သိုလှောင်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သလို ရေတွင်းများကို တွင်းဆေး၊ တွင်းမှုတ်ပြုလုပ်ပြီး ရေထွက်အားကောင်းမွန်ရန် ဆောင်ရွက်ကာစက်ရေတွင်းအသစ်များ တူးဖော်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် ရေဝင်လမ်းကြောင်းတူးဖော်ခြင်းနှင့် ရေတင်စက်များပြင်ဆင်ခြင်း၊ ဒီဇယ်အင်ဂျင်များကို အရန်ထားရှိသွားရန် လိုအပ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## အင်းစိန်မြို့နယ်တွင် ပိုလီယိုကာကွယ်ဆေးအပိုဆောင်းတိုက်ကျွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ကလေးငယ်များ မသန်မစွမ်းဖြစ်ခြင်းမှ ကာကွယ် နိုင်ရန် မွေးကင်းစမှ ငါးနှစ်အရွယ် ကလေးငယ်တိုင်း ပိုလီယိုကာကွယ်ဆေးကို လစဉ်ပုံမှန်တိုက်ခြင်းအပြင် အပိုဆောင်း ထပ်မံတိုက်ကျွေးခြင်းကို အမျိုးသားကာကွယ်ဆေး တိုက်နေ့များအဖြစ် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ သတ်မှတ်ပြီး ဆောင်ရွက်ခဲ့သည်။

အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်တို့က ယမန်နေ့နံနက် ၈ နာရီမှ စတင်ပြီး အင်းစိန်မြို့နယ် အတွင်းရှိ (၂၁) ရပ်ကွက်သို့ အပိုဆောင်း ကာကွယ်ဆေးတိုက်ကျွေးနေမှုတို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေး အားပေးခဲ့ကြောင်းနှင့် ကလေးငယ်များအား အဝတ်အစားများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၆၈၄)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အောဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

# နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှုဖြင့်ဆောင်ရွက်ခဲ့သည့် ဟားခါးမြို့ သောက်သုံးရေဖူလုံစွာရရှိရေးစီမံကိန်းအောင်ပွဲကျင်းပ
# ဟားခါးကောလိပ်နှင့် ချင်းတွင်းတံတား (ကလေးဝ)တို့ကို ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ချင်းပြည်နယ်တွင် တာဝန်ကျသည့် ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ထမ်းဆောင်ရသည့် တစ်ရက်၊ တစ်လ၊ တစ်နှစ်တွင် ဆောင်ရွက်သည့်လုပ်ငန်းတာဝန်များသည် တိုးတက်မှုရှိရန်လိုအပ်ကြောင်း၊ ထို့အတူ ဌာနေဝန်ထမ်းများအနေဖြင့်လည်း မိမိဒေသတိုးတက်ရေးကို အမြစ်စည်းစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဖေဖော်ဝါရီ ၁၉ ရက်က ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့် တာဝန်ရှိသူများနှင့် ဝန်ထမ်းများအားတွေ့ဆုံစဉ် ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ယနေ့ထက် မနက်ဖြန်ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများသည် တိုင်းပြည်တည်ဆောက်ရာတွင် အဓိကနေရာတွင်ရှိ၍ လုပ်ငန်းတာဝန်များကို ဖိဖိစီးစီးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မည်သည့်အစိုးရတာဝန်ယူသည်ဖြစ်စေ ပြည်နယ်နှင့် မြန်မာနိုင်ငံ တိုးတက်ကောင်းမွန်အောင် ထမ်းရွက်ဆောင်ရွက်ကြသူများဖြစ်သည့်အတွက် မိမိတို့လုပ်ငန်းတာဝန်အပေါ် ဂုဏ်ယူရမည်ဖြစ်ကြောင်း၊ မိမိတို့လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားမှသာ တိုင်းပြည်တိုးတက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်းတို့သည် ပြည်နယ်အတွင်း ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို နိုင်ငံတော်အပိုင်းက ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကြပြီး ဝန်ထမ်းများ၏ဒေသဖွံ့ဖြိုးရေးအတွက် တင်ပြချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းတို့သည် ဟားခါးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဗိုလ်ကြွမ်ဘိခ်ခန်းမ၌ သဘာဝဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ တွေ့ကြုံရသည့်အခက်အခဲများကို မေးမြန်းဆွေးနွေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့်အဖွဲ့သည် ဟားခါးမြို့ ရှုခင်းသာရပ်ကွက်၌ကျင်းပသည့် (၆၈)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ်အဖြစ် ဟားခါးမြို့ ရေပေးဝေရေးစီမံကိန်း ဖွင့်ပွဲအခမ်းအနားကို တက်ရောက်ဖွင့်လှစ်ပေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ဟားခါးမြို့ ရေပေးဝေရေးအတွက် ရေပိုက်လိုင်းကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကိုယ်တိုင် ဟားခါးမြို့၏ သောက်သုံးရေခက်ခဲရှားပါးမှုကိုသိရှိခဲ့သဖြင့် မြို့သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၈၈၀၀ ကို ခွဲဝေချထားပေးပြီး ဟားခါးမြို့မှ ခြောက်မိုင်ကွာဝေးသည့် တီမစ်ချောင်းမှတစ်ဆင့် အမြင့်ရေတင်စနစ်ဖြင့်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် မြို့ပေါ်ရေလှောင်ကန် ၁၄ ခုမှ သောက်သုံးရေအပြည့်အဝသိုလှောင်ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ချင်းပြည်နယ် ဟားခါးမြို့၌ သဘာဝဘေးဒဏ်ကျရောက်မှုကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် တန်ဖိုးသင့်လူနေအိမ် ၄၁၇ လုံး တည်ဆောက်ပြီးစီးမှုနှင့် ပြန်လည်နေရာချထားပေးနေမှုကို လှည့်လည်ကြည့်ရှုကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ၊ ဟားခါးမြို့ ရေပေးဝေရေးစီမံကိန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအနှံ့အပြားတွင် ၂၀၁၅ ခုနှစ် ဇွန်လနှင့် ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေကြီးခြင်း၊ မြို့များရေလွှမ်းမိုးခြင်းနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ ချင်းပြည်နယ် ဟားခါးမြို့နှင့် တီးတိန်မြို့တို့၌ လူနေအိမ် ဆုံးရှုံးပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ဟားခါးမြို့နှင့် တီးတိန်မြို့တို့တွင် တန်ဖိုးသင့်လူနေအိမ် ၄၅၈ လုံးကို ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်း စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ဘေးသင့်ပြည်သူများသို့ ပြန်လည်နေရာချထားပေးနိုင်ခဲ့သည်။

ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ချင်းပြည်နယ် ဟားခါးကောလိပ်တည်ဆောက်နေမှုကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်ရှိ ချင်းတွင်းတံတား(ကလေးဝ) တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ စီမံကိန်းများကို၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် အပြီးတည်ဆောက်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် ချင်းပြည်နယ်အတွင်း၌ ဟားခါးကောလိပ်သာမက မင်းတပ်မြို့နှင့် ဖလမ်းမြို့နယ်များတွင်ပါ ကောလိပ်များတိုးချဲ့တည်ဆောက်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၏ ချင်းပြည်နယ်ခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါကြသည်။ **(သတင်းစဉ်)**

## မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မြန်မာ့ရိုးရာ လက်ဝှေ့အစည်းအရုံးက စီစဉ်ကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ဖေဖော်ဝါရီ ၂၂ရက် နှင့် ၂၃ ရက် ညနေ ၆ နာရီတွင် သန်လျင်မြို့ ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီးပရိဝုဏ်၌ ကျင်းပမည်ဖြစ်သည်။

ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲများကို ငါးချီစိန်ခေါ်ပွဲလေးပွဲနှင့် ကြားပွဲစဉ် ငါးပွဲအပါအဝင် နေ့စဉ်ကိုးပွဲယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၂ရက် ငါးချီစိန်ခေါ်ပွဲများအဖြစ် ကျားဘဟိန်း(အလင်းရောင်)နှင့် ထွန်းနိုင်ဦး(အဖြူရောင်သွေးသစ်)၊ သိန်းစိုး(အဖြူရောင်သွေးသစ်) နှင့် မိုက်မိုက် (STL)၊ မျိုးမာန်သစ် (STL)နှင့် ဖိုးသော်(အဖြူရောင်သွေးသစ်)၊ ဒိုးလေး (အဖြူရောင်သွေးသစ်) နှင့် ရန်တိုင်းအောင်(အလင်းရောင်)တို့ အဓိကပွဲစဉ်များနှင့် အခြားကြားပွဲစဉ် ငါးပွဲယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၂၃ ရက်နေ့ ပွဲစဉ်များအဖြစ် စောသဲဦး(STL) နှင့် လှစ်လှစ်လေး (ရဲမြတ်အောင်)၊ ကိုကိုအောင် (ထွန်းသွင်)နှင့် ကျော်ဝင်းအောင် (အဖြူရောင်သွေးသစ်)၊ ရှိုင်းထက်အောင် (အဖြူရောင်သွေးသစ်)နှင့် ထယ်ကြီး(STL)၊ စောနီသွေး (STL) နှင့် မင်းထက်မိုက်(အဖြူရောင်သွေးသစ်)တို့ပွဲစဉ်များနှင့် ကြားပွဲစဉ် ငါးပွဲပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲအထိမ်းအမှတ်အဖြစ် ထည့်သွင်းကျင်းပခြင်းဖြစ်ပြီး ကြိုတင်လက်မှတ်များကို ကျပ် ၅၀၀၀ နှင့် ကျပ် ၃၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။ **(အောင်ကျော်ဦး)**

## ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

**လှိုင်ကော် ဖေဖော်ဝါရီ ၂၁**

ကယားပြည်နယ် ဘောလခဲခရိုင် ရွာသစ်မြို့နယ် မြို့လယ်ဓမ္မာရုံ၌ ယမန်နေ့နံနက် ၈ နာရီက (၅)နှစ်အောက် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရာတွင် ရွာသစ်မြို့ပေါ်ရှိ ရပ်ကွက် သုံးရပ်ကွက်ဖြစ်သည့် လွယ်ဝိုင်း၊ နမ့်ဖလင်း၊ ဝမ်လွဲ့ကျေးရွာများနှင့် နယ်မြေခံတပ်မတော်တပ်ရင်းများမှ (၅)နှစ်အောက်ကလေးများအားလုံးကို တိုက်ကျွေးလျက်ရှိကြောင်းသိရသည်။ **ကိုစိုင်း (လှိုင်ကော်)**

# တောင်ပစိဖိတ်ကျွန်းနိုင်ငံ ဖီဂျီတွင် အင်အားပြင်းမုန်တိုင်းတိုက်ခတ်၊ အနည်းဆုံးလူငါးဦးသေဆုံး

**ဆူဗာ (ဖီဂျီ) ဖေဖော်ဝါရီ ၂၁**



တောင်ပစိဖိတ်ကျွန်းနိုင်ငံတစ်ခုဖြစ်သည့် ဖီဂျီတွင် အားပြင်းသောမုန်တိုင်း တိုက်ခတ်ခဲ့ရာ အနည်းဆုံးလူငါးဦးသေဆုံးပြီး အများအပြားထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ယနေ့ ဒေသန္တရ သတင်းများအရ သိရသည်။

ဖေဖော်ဝါရီ ၂၀ နှင့် ၂၁ ရက်တို့တွင် ဖီဂျီ၏ အဓိကကျွန်းတစ်ခုဖြစ်သည့် ဗီတီလီဗူတွင် 'ဝင်းစတန်'အမည်ရှိမုန်တိုင်းတစ်ခု တိုက်ခတ်ခဲ့ရာ ကျွန်းပေါ်ရှိ လူနေအိမ်များ ပျက်စီးခဲ့သည်။

မုန်တိုင်းတိုက်ခတ်နေစဉ် လေတိုက်နှုန်းသည် တစ်နာရီလျှင် ၃၂၄ ကီလိုမီတာထိ တိုက်ခတ်ခဲ့ကြောင်း ဒေသန္တရမီဒီယာများက ဆိုသည်။ မုန်တိုင်းတိုက်ခတ်နေစဉ်အတွင်း အိမ်ခေါင်မိုးတစ်ခုမှ သွပ်ပြားများ လွင့်စဉ်ကာ အနီးဝန်းကျင်ရှိ အဘိုးအိုတစ်ဦးကို ထိမှန်ခဲ့ရာ အဘိုးအိုသေဆုံးသွားခဲ့ကြောင်း သိရသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များပျက်စီးကာ သစ်ပင်များလည်းပြိုလဲပြီး ကားလမ်းမများပေါ်သို့ ပိတ်ဆို့လျက်ရှိသည်။ မုန်တိုင်းကြောင့်ပျက်စီးသွားသော ဗီတီလီဗူကျွန်းအနောက်ပိုင်း မြို့၊ရွာများရှိလူနေအိမ်များကို အစိုးရ၏လူမှုမီဒီယာစာမျက်နှာတွင် ပြသထားသည်။

ကျွန်း၏နေရာအများအပြားတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ဆက်သွယ်ရေး တယ်လီဖုန်းလိုင်းများအပါအဝင် လျှပ်စစ်ဓာတ်အားလိုင်းများပြတ်တောက်လျက်ရှိသည်။ ပြည်တွင်း၊ ပြည်ပ လေကြောင်းလိုင်းခရီးစဉ်များကိုလည်း ယာယီဆိုင်းငံ့ထားရသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် ရက်ပေါင်း ၃၀ ထိ အရေးပေါ်အခြေအနေကြေညာထားပြီး ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းအထိ ပြည်သူများအနေဖြင့် ၎င်းတို့နေအိမ်များမှ အပြင်သို့ မထွက်ကြရန် ဒေသန္တရအစိုးရက သတိပေးထားကြောင်းသိရသည်။ **အင်န်အိတ်ချ်ကေ။**

# အိုကီနာဝါကျွန်း၌ အမေရိကန်စစ်စခန်း နေရာရွှေ့ပြောင်းရန်စီစဉ်မှု ကန့်ကွက်ဆန္ဒပြ

**တိုကျို ဖေဖော်ဝါရီ ၂၁**

**ဂျပန်နိုင်ငံ အိုကီနာဝါကျွန်း၌ အမေရိကန်စစ်စခန်းကို နေရာရွှေ့ပြောင်းနိုင်ရန် အစိုးရအဖွဲ့က စီစဉ်နေခြင်းနှင့်ပတ်သက်၍ မြို့တော်တိုကျိုရှိ ပါလီမန်အဆောက်အအုံအနီး ပြည်သူထောင်ပေါင်းများစွာ စုဝေးဆန္ဒပြခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။**

မြို့တော်တိုကျိုမြို့လယ်ရှိ ပါလီမန် အဆောက်အအုံကို ဝန်းပတ်ကာ ဆန္ဒပြသူ ၂၈၀၀၀ ခန့်က လက်များချိတ်ဆက်၍ဆန္ဒပြခဲ့ကြသည်။ အိုကီနာဝါကျွန်း၌ စစ်စခန်းတည်ဆောက်ခြင်းမပြုရန် ဆန္ဒပြသူများက တောင်းဆိုခဲ့ကြသည်။ အလားတူ ဆန္ဒပြပွဲများကို ဂျပန်နိုင်ငံတစ်ဝန်း၌ ပြုလုပ်ခဲ့ကြသည်။




အိုကီနာဝါကျွန်းသည် ဒုတိယကမ္ဘာစစ်ကာလအတွင်း တိုက်ပွဲများဖြစ်ပွားခဲ့ရာ နေရာဖြစ်သည်။ အမေရိကန် တပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာကို လက်ခံထားရခြင်းအတွက် အိုကီနာဝါ ကျွန်းသူကျွန်းသားများက ကျေနပ်မှုမရှိကြပေ။

အိုကီနာဝါကျွန်းရှိ အမေရိကန်စစ်စခန်းမှာ လူဦးရေသိပ်သည်းသော နေရာတွင် တည်ရှိနေခြင်းကြောင့် နာဂိုမြို့ရှိ ဟာန်နိုကို ပင်လယ်အော်သို့ စစ်စခန်းရွှေ့ပြောင်းရန် ဂျပန်နှင့် အမေရိကန်အစိုးရတို့ ၁၉၉၆ ခုနှစ်တွင် သဘောတူညီခဲ့ကြသည်။

အမေရိကန် စစ်စခန်းတည်ရှိခြင်းကြောင့် အသံဗလံဆူညံမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ရာဇဝတ်ပြစ်မှုထူပြောမှုတို့ဖြစ်ပေါ်ရသည်ဟု ဒေသခံပြည်သူတို့က ပြစ်တင်ပြောကြားကြသည်။ **ရိုက်တာ။**

# ကမ္ဘာစစ်လက်ကျန်ဗုံး ရှင်းလင်းနိုင်ရန် တောင်ကြားလမ်းကို အီတလီရဲတပ်ဖွဲ့ ပိတ်

**ဗူးရစ် ဖေဖော်ဝါရီ ၂၁**

အီတလီနှင့် ဩစတြီးယားနိုင်ငံကြားရှိ နယ်စပ်ဒေသတစ်လျှောက် အဲ့လ်ပ်တောင်တန်းကို ဖြတ်သန်းနေသော တောင်ကြားလမ်းဒေသ၌ ကမ္ဘာစစ်လက်ကျန်ဗုံးတစ်လုံးကို ရှင်းလင်းဖယ်ရှားမှု ပြုလုပ်နိုင်ရန် အဆိုပါတောင်ကြားလမ်းကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းမှစ၍ ပိတ်ထားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဒုတိယကမ္ဘာစစ်ကာလအတွင်း အမေရိကန်စစ်လေယာဉ်တစ်စင်းက ကြဲချခဲ့သော်လည်း ပေါက်ကွဲခြင်းမရှိဘဲ ယနေ့တိုင် တည်ရှိနေသော ဗုံးတစ်လုံးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စနက်တံဖြုတ်နိုင်စေရန် လုပ်ဆောင်ချိန်အတွင်း ဘရန်နာတောင်ကြားလမ်းကို ပိတ်ထားရာ ယင်းတောင်ကြားလမ်းအား ဖြတ်သန်းသော အဝေးပြေးလမ်းနှင့် ရထားလမ်းများကို ပိတ်ထားကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ကမ္ဘာစစ်လက်ကျန်ဗုံးကို ရှင်းလင်းဖယ်ရှားနေချိန်အတွင်း တောင်ကြားလမ်းမှတစ်ဆင့် ကားများနှင့် ရထားများ ဖြတ်သန်းသွားလာမှု ပိတ်ပင်ထားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးရှင်းလင်းရေး လုပ်ဆောင်ချိန်တွင် ယင်းနေရာအနီးရှိ ဒေသခံများကို ဘေးကင်းလုံခြုံရာသို့ ရွှေ့ပြောင်းပေးထားမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **ရိုက်တာ။**

# တူရကီသတင်းထောက်သုံးဦးအား ကာ့ဒ်စစ်သွေးကြွများပြန်ပေးဆွဲ

**အန်ကာရာ ဖေဖော်ဝါရီ ၂၁**

တူရကီနိုင်ငံ အနာတိုလီယာသတင်းအေဂျင်စီမှ သတင်းထောက်သုံးဦးအား စစ်သွေးကြွ ကာ့ဒ်အလုပ်သမားပါတီက ဖေဖော်ဝါရီ ၂၁ ရက်တွင် ပြန်ပေးဆွဲသွားကြောင်း ဒိုဂန်သတင်းအေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။

စစ်မြေပြင်သတင်းလိုက်ရန်အထူးလေ့ကျင့်ပေးထားသော အဆိုပါသတင်းထောက် သုံးဦးအား ဆီးရီးယား-တူရကီနယ်စပ် မာဒင်းပြည်နယ် နူဆေဘင်မြို့တွင် သတင်းရယူနေစဉ် စစ်သွေးကြွများက ပြန်ပေးဆွဲခဲ့ခြင်းဖြစ်ကြောင်း အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။



ကာ့ဒ်စစ်သွေးကြွများ ပြန်ပေးဆွဲသွားသော တူရကီသတင်းထောက်သုံးဦး။

တူရကီနိုင်ငံ၏မြို့တော်အန်ကာရာတွင် ဖေဖော်ဝါရီ ၁၇ ရက်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ လူ ၂၈ ဦးသေဆုံးပြီး ၈၀ ထက်မနည်း ဒဏ်ရာရခဲ့သည်။ တူရကီအစိုးရ တပ်ဖွဲ့များနှင့် ကာ့ဒ်စစ်သွေးကြွများအကြား ၂၀၁၃ ခုနှစ်တွင် သဘောတူညီမှုရယူခဲ့သည့် အပစ်အခတ်ရပ်စဲရေးသည် ဆန်လီဖာပြည်နယ် ဆူရတ်မြို့တွင် အသေခံဗုံးခွဲမှုဖြစ်ပြီးနောက် ပျက်ပြယ်သွားခဲ့သည်။ အဆိုပါဗုံးခွဲမှုတွင် ကာ့ဒ်ထောက်ခံသူ ၃၄ ဦး သေဆုံးခဲ့သည်။

တူရကီနှင့်အီရတ်နိုင်ငံများတွင် တူရကီလုံခြုံရေးအဖွဲ့များနှင့် ကာ့ဒ်စစ်သွေးကြွများ ထိပ်တိုက်ရင်ဆိုင်တွေ့မှုများတွင် ၂၀၁၅ ခုနှစ်မှတ်တမ်းအရ တူရကီလုံခြုံရေးအဖွဲ့ဝင် ၂၆၀ နှင့် ကာ့ဒ်စစ်သွေးကြွ ထောင်ပေါင်းများစွာ သေဆုံးခဲ့ရကြောင်း သိရသည်။

ကာ့ဒ်အလုပ်သမားပါတီအား တူရကီ၊ အမေရိကန်နှင့် ဥရောပသမဂ္ဂတို့က စစ်သွေးကြွအဖွဲ့တစ်ခုအဖြစ် စာရင်းသွင်းထားသည်။

**ဆင်ဟွာ။**

# ခိုလှုံခွင့်တောင်းခံသူများကို ပြန်လည်နေရာချထားရေး အရှေ့တောင်အာရှ သုံးနိုင်ငံနှင့် ဩစတြေးလျဆွေးနွေးနေ

**ဆစ်ဒနီ ဖေဖော်ဝါရီ ၂၁**

ဩစတြေးလျနိုင်ငံသည် ခိုလှုံခွင့်တောင်းခံသူများကို ပြန်လည်နေရာချထားပေးရေးကိစ္စနှင့်ပတ်သက်၍ အရှေ့တောင်အာရှဒေသရှိ နိုင်ငံသုံးနိုင်ငံအပါအဝင် နိုင်ငံပေါင်း ခြောက်နိုင်ငံနှင့် ဆွေးနွေးလျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ပါပူဝါနယူးဂီနီနိုင်ငံနှင့် ပစိဖိတ်ကျွန်းနိုင်ငံဖြစ်သော နော်ရူးနိုင်ငံတို့၌ ထိန်းသိမ်းခံထားရသော ခိုလှုံခွင့်တောင်းခံသူများကို ပြန်လည်နေရာချထားနိုင်ရန် အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့နှင့် ဩစတြေးလျနိုင်ငံ ဆွေးနွေးလျက်ရှိကြောင်း ဆစ်ဒနီမောနင်းဟာရဲလ် သတင်းစာက ရေးသားဖော်ပြသည်။

ခိုလှုံခွင့်တောင်းခံသူများကို ပြန်လည်နေရာချထားပေးရေး ပဏာမအဆင့် ဆွေးနွေးပွဲများတွင် ပါဝင်ပတ်သက်နေသော အခြားသုံးနိုင်ငံနှင့်ပတ်သက်၍ ဩစတြေးလျအစိုးရက အမည်နာမထုတ်ဖော်၍ ပြောကြားခြင်းမရှိပေ။

အရှေ့တောင်အာရှ သုံးနိုင်ငံမှ အစိုးရအဖွဲ့များနှင့် ပြုလုပ်နေသော ဆွေးနွေးပွဲများတွင် ထိန်းသိမ်းခံထားရသူ ၁၄၅၉ ဦးကို ပြန်လည်နေရာချထားရေးကိစ္စနှင့်ပတ်သက်၍ အဓိက ဆွေးနွေးလျက်ရှိကြောင်း၊ ၎င်းတို့အနက် အများစုမှာ ယခင်အစိုးရအဖွဲ့များလက်ထက်က ခိုလှုံခွင့်ရရှိရေးအတွက် ပြည်ပသို့ တရားမဝင်ရွှေ့ပြောင်းခဲ့ကြသူများဖြစ်ကြောင်း အဆိုပါ သတင်းစာက ရေးသားဖော်ပြသည်။

ဩစတြေးလျနိုင်ငံ၌ ခိုလှုံခွင့်တောင်းခံနိုင်ရန် ကြိုးပမ်းသူဦးရေမှာ ဥရောပနိုင်ငံများ၌ ခိုလှုံခွင့်တောင်းခံနိုင်ရန် ကြိုးပမ်းသူ ဦးရေနှင့်နှိုင်းယှဉ်လျှင် မပြောပလောက်သော်လည်း ဩစတြေးလျနယ်စပ်လုံခြုံရေးပြဿနာသည် ယင်းနိုင်ငံ၏ ထိလွယ်ရှလွယ်သော နိုင်ငံရေးပြဿနာတစ်ရပ်ဖြစ်သည်။ **ရိုက်တာ။**

ပြည်တွင်းရေးရာ

# ဗန်းမော်ဆရာတော်ကြီးအား ကမ္ဘာ့လူသားများ ယဉ်ကျေးမှုဂုဏ်ရည်ဘွဲ့ ချီးမြှင့်ခံရခြင်းအတွက် ထပ်ဆင့်ချီးကျူးဂုဏ်ပြုပူဇော်



**မန္တလေး ဖေဖော်ဝါရီ ၂၁**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ သကျသီဟ ဝဋံ့သကာ၊ ပါဋ္ဌိသိရောမဏိ၊ ဘိအေ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဗုဒ္ဓစာပေ ပါရဂူ (Ph.D, D.Lit) ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသအား အမေရိကန်နိုင်ငံ ကမ္ဘာ့ငြိမ်းချမ်းရေး ဆုချီးမြှင့်ရေးကောင်စီ၏ အကဲဖြတ်အဖွဲ့က ညီညွတ်စွာ သဘောတူရွေးချယ်၍ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ဆက်ကပ်ခဲ့သည့် "ကမ္ဘာ့လူသားများ ယဉ်ကျေးမှုဂုဏ်ရည်ဘွဲ့"အတွက် ထပ်ဆင့်ချီးကျူးဂုဏ်ပြု ပူဇော်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲက မဟာအောင်မြေမြို့နယ် ဗန်းမော်ကျောင်းတိုက်ရှိ အေးကမ္ဘာသာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပသည်။

အခမ်းအနားသို့ ဗန်းမော်ဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်မိသားစုများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဗန်းမော်ဆရာတော်ကြီးထံမှ ညွှဲ့ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆရာတော်ကြီး၏ ထေရုပ္ပတ္တိကထာကို ဖတ်ကြားပူဇော်သည်။ ဆက်လက်၍ နိုင်ငံတော်ရွှေတံဆိပ်ဆုရှင် မန္တလေးသိန်းဇော်က ဆိုင်းဝိုင်းကြီးနှင့်တွဲဖက်၍ ရတုပိုဒ်စုံဖြင့် သီဆိုပူဇော်ခြင်း၊ ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အလှူရှင်မိသားစုများနှင့် အသင်းအဖွဲ့များက ဝေယျာဝစ္စနှင့် သာသနာရေးဆိုင်ရာကိစ္စများအတွက် မော်တော်ယာဉ်များ၊ အလှူငွေများ အားလှူဒါန်းခြင်းတို့ကို အစီအစဉ်များအတိုင်း ကျင်းပခဲ့သည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘုရားကြီးကျောင်းတိုက် ဆင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသာဘိဝံသ ဟောကြားချီးမြှင့်တော်မူသော အနုမောဒနာတရားတော်များကို နာယူကြည်ညိုကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# နမ့်ဆန်မြို့ မီးဘေးသင့်အာမခံထားသူအား မီးအာမခံလျော်ကြေးငွေပေးအပ်




**နမ့်ဆန် ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ့်ဆန်မြို့၌ ဖြစ်ပွားခဲ့သော မီးလောင်ကျွမ်းမှုတွင် ပါဝင်ခဲ့သည့် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကျော်(ခ)ဦးအိုက်မိန်း- ဒေါ်သိန်းကြည်ပိုင်နေအိမ်အတွက် IKBZ အာမခံကုမ္ပဏီမှ လျော်ကြေးငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက်က လားရှိုးမြို့ IKBZ အာမခံကုမ္ပဏီ လားရှိုးရုံးခွဲ၌ ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် IKBZ အာမခံကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်(ကိုယ်စား) Claims Division အထွေထွေမန်နေဂျာ ဦးသန်းဇော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး IKBZ အထက်မြန်မာပြည်တာဝန်ခံ ဦးဝင်းဦးက လျော်ကြေးငွေပေးအပ်ရခြင်းနှင့် ပတ်သက်၍ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် လျော်ကြေးငွေကျပ် ၆၂၄ ဒသမ ၅ သိန်းကို အထွေထွေမန်နေဂျာ ဦးသန်းဇော်နှင့် အထက်မြန်မာပြည်တာဝန်ခံ ဦးဝင်းဦးတို့က နေအိမ်ပိုင်ရှင် ဦးဝင်းကျော်(ခ)ဦးအိုက်မိန်းသို့ပေးအပ်ခဲ့ပြီး ဦးဝင်းကျော်(ခ) ဦးအိုက်မိန်းက လျော်ကြေးငွေပေးအပ်မှုအတွက် ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားခဲ့သည်။

IKBZ အာမခံကုမ္ပဏီသည် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်မြို့များတွင် အာမခံရုံးခွဲ ၁၄ ခုဖွင့်လှစ်ပြီး အချိန်နှင့်တစ်ပြေးညီ ဝန်ဆောင်မှုပေးလျက်ရှိသည့်အပြင် မြန်မာပြည်တစ်ဝန်းလုံးတွင် နေထိုင်ကြသော မိဘပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ပစ္စည်းဥစ္စာနှင့် ယှဉ်တွဲပြီးဖြစ်သည့် ပျက်စီးဆုံးရှုံးမှုများကို ပူပင်ကြောင့်ကြစရာမလိုဘဲ ထောက်ပံ့ကူညီပေးလျက်ရှိကြောင်း သိရသည်။

**(ဇော်မင်းအောင်)**

# ဒလတံတားထိုးခြင်းအပေါ် ရေကြောင်းပို့ဆောင်ရေးအမြင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ကိုရီးယား-မြန်မာချစ်ကြည်ရေးတံတား(ဒလ)ကို ယမန်နေ့က စတင်ခြင်းအခမ်းအနားကျင်းပခြင်းကြောင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနသို့ ပန်းဆိုးတန်း-ဒလ ကူးတို့ရေယာဉ်လိုင်း ဆက်လက်ပြေးဆွဲမှုအပေါ် မည်သို့ရှိမည်နည်းဟုမေးမြန်းရာ "ကျွန်တော်တို့ ရေယာဉ်ပြေးဆွဲမှုကို ဌာနကငွေကြေးဆုံးရှုံးမှုမရှိမချင်း ဆက်ပြီးပြေးဆွဲမှာပါ"ဟု ပြည်တွင်းရေကြောင်းဌာန ရေကြောင်းဌာနမှူးချုပ် ဦးအောင်သန်းမြိုင်က ယနေ့ကြေးမုံသို့ ပြောသည်။

၎င်းကဆက်လက်၍ "ဂျပန်နိုင်ငံက လှူဒါန်းတဲ့ ချယ်ရီသင်္ဘောကြီးသုံးစင်းက တစ်စင်းကို အမေရိကန်ဒေါ်လာ လေးသန်း တန်ပါတယ်။ တစ်စင်းကို တစ်နေ့ ၄၆ ခေါက်၊ နှစ်စင်းက လွန်းထိုးအပြိုင်ခရီးသည်တွေကို ပို့ပေးနေတာ။ နံနက် ၅ နာရီကတည်းကစပြီး ပြေးဆွဲပေးတာပါ။ ည ၉ နာရီမှာ ဒလဘက်ကမ်းက သင်္ဘောနောက်ဆုံးအခေါက်၊ ရန်ကုန်က ၉ နာရီခွဲမှာ နောက်ဆုံးအခေါက်အဖြစ် ပြေးဆွဲပေးတယ်"ဟုပြောသည်။

"ဈေးသည်တွေကို ကျွန်တော်တို့ ရေယာဉ်ဝန်ထမ်းတွေက မနိုင်ဘူးဗျာ။ ပူးပေါင်းအဖွဲ့တွေ မပါသရွေ့တော့ ကျွန်တော်တို့ ခံနေရတာပဲ။ ခုပဲမောင်းချလိုက် တော်ကြာနေပြန်တက်လာလိုက်နဲ့ ဌာနဆိုင်ရာက စည်ပင်တို့၊ ရဲတို့၊ ထွေအုပ်တို့နဲ့ပူးပေါင်းရင်တော့ ဖြစ်နိုင်ခြေရှိတယ်။ ဒါကို တစ်ခါတစ်ရံလာစီးတဲ့ ကလောင်ရှင်က စည်းကမ်းမဲ့ဈေးသည်တွေ များတယ်။ ဆိုင်းဘုတ်တော့ချိတ်ပါရဲ့၊ ဈေးသည်တွေက များတယ်လို့ ပြောလိုပြော။ နောက်ပြီး ထိုင်ခုံခကောက်တယ်တဲ့။ မထိုင်ချင်ရင်လည်း အလကားရတဲ့ထိုင်ခုံတွေအပေါ်ထပ်မှာရှိပါတယ်။ ဘယ်သူမှ အတင်းမထိုင်ခိုင်းပါဘူး။ အလုပ်သမားတစ်ယောက် အလုပ်ချိန်က ရှစ်နာရီပဲရှိတယ်။ ကျွန်တော်တို့ ရေယာဉ်ဝန်ထမ်းတွေက ၁၆ နာရီခွဲတောင်ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့က သူတို့ထိုင်လို့ပေးသွားတဲ့ ငွေလေးကို သုံးစွဲတာပါ။ သဒ္ဒါကြေးပါဗျာ"ဟု ချယ်ရီရေယာဉ်မှူးတစ်ဦးက ပြောသည်။

အဆိုပါဌာနသည် ဌာနမှရှာဖွေ၍ရသောငွေဖြင့် ဝန်ထမ်းများကို လစာပေးနေရခြင်းဖြစ်သည်ဟု ရေကြောင်းမှူးချုပ်က ထပ်လောင်းပြောသည်။

**အောင်မင်း(ဒလ)**

# ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

**ပဲခူး ဖေဖော်ဝါရီ ၂၁**

ပဲခူးမြို့ ပုဏ္ဏားစုရပ်ကွက်တွင် ကလေးငယ်များမသန်စွမ်းဖြစ်ခြင်းမှ ကာကွယ်နိုင်ရန် မွေးကင်းစမှ (၅)နှစ်အရွယ် ကလေးငယ်တိုင်း ပိုလီယိုကာကွယ်ဆေးအပိုဆောင်းတိုက်ကျွေးခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ရပ်ကွက်အုပ်ချုပ်ရေးရုံးတွင် တိုက်ကျွေးခဲ့သည်။ အဆိုပါအမျိုးသားကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်ထိ တိုက်ကျွေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မီးဘေးသင့်ပြည်သူများအား ခေါက်ဆွဲခြောက်ထုပ်များ လှူဒါန်းမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မီးဘေးအန္တရာယ် ကျရောက်ခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ရှိ မီးဘေးသင့်ပြည်သူများအား အသင့်စားသုံးနိုင်သည့် ခေါက်ဆွဲခြောက်ထုပ်များ လှူဒါန်းသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၀ ရက် ညပိုင်းက ရန်ကုန်မြို့ ဆူးလေ ရှန်ဂရီလာဟိုတယ်တွင် ကျင်းပသည့် Grand Wynn Group of Companies ၏ (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ် အခမ်းအနားမှ သိရသည်။

"နမ့်ဆန်နဲ့လပွတ္တာက မီးဘေးသင့်ပြည်သူတွေအတွက် အသင့်စားသုံးနိုင်တဲ့ ခေါက်ဆွဲခြောက်ထုပ် ၂၀၀၀၀ လှူဖို့စီစဉ်နေတယ်။ အရင် သဘာဝဘေးအန္တရာယ်ကျရောက်တုန်းကလည်း ဧရာဝတီတိုင်းဒေသကြီးကို သွားပြီး လှူခဲ့တယ်"ဟု CEO ဦးအယ်လ်လမိန်းဒိန်က ပြောသည်။

ထို့ပြင် စားသောက်ကုန်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိရာ စားသုံးသူများ အန္တရာယ်ကင်းစေရေးအတွက် ပြည်တွင်းတွင်ထုတ်လုပ်သည့် စားသောက်ကုန်ပစ္စည်းများသာမက ပြည်ပမှတင်သွင်းသည့် စားသောက်ကုန်ပစ္စည်းများကိုပါ ဘေးအန္တရာယ်ကင်းစေရေးအတွက် အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"စားသုံးသူတွေ အန္တရာယ်ကင်းဖို့ အဓိကပါ။ စားသောက်ကုန်ပစ္စည်းတွေကို FDA ထောက်ခံချက်နဲ့ ဖြန့်ဖြူးပါတယ်။ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်တဲ့ ဆရာဝန်တွေရဲ့ အကြံဉာဏ်တွေကိုလည်း ရယူပြီးမှ ဆောင်ရွက်ပါတယ်"ဟု ၎င်းက ပြောသည်။

အခမ်းအနားတွင် ကုမ္ပဏီဥက္ကဋ္ဌ ဦးလှဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ကုမ္ပဏီတွင် လုပ်သက်ရှည်ကြာစွာ လက်တွဲလုပ်ဆောင်ခဲ့ကြသည့် ဝန်ထမ်းများကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**(ကြေးမုံ)**

*

# နိုင်ငံခြားရှေ့နေရုံးများ၏ ရှေ့ခရီး

**ဦးဟန်ညွန့် (ဥပဒေ)**

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု**

ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လိုအပ်သည်။ လိုအပ်ချက်ကြောင့် ဥပဒေများ ရေးဆွဲကြရသည်။ ပြဋ္ဌာန်းကြသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ (FOREIGN INVESTMENT LAW) ကို ၂၀၁၂ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည်။ ဥပဒေအမှတ် ၂၁/၂၀၁၂ ဖြစ်သည်။

**ရှေ့နေချုပ်ရေးသော စာအုပ်**

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအကြောင်း ရေးလျှင် ပြည်ထောင်စုရှေ့နေချုပ် "ဒေါက်တာထွန်းရှင် ရေးသားပြုစုသော - Why Invest in Myanmar ? and other Notable Legal Articles (မြန်မာနိုင်ငံမှာ ဘာကြောင့်ရင်းနှီးမြှုပ်နှံသင့်သလဲနှင့် အခြားဥပဒေဆောင်းပါးများ) စာအုပ်ကို ချန်ထား၍မရ။ နိုင်ငံခြားသားများအတွက် အထူးရည်ရွယ်ရေးသားထားဟန်ရှိသည်။ ထို့ကြောင့် ရှေ့နေချုပ်(ဆရာ)က အင်္ဂလိပ်ဘာသာဖြင့် တစ်အုပ်လုံး ရေးသားပြုစုထားသည်။

**အပိုင်း(၃)ပိုင်း**

ဆရာ ဒေါက်တာထွန်းရှင်၏စာအုပ်တွင် အပိုင်းသုံးပိုင်းပါသည်။ အပိုင်း(၁)တွင် ကူးသန်းရောင်းဝယ်ရေး (BUSINESS)၊ အပိုင်း(၂)တွင် အပြည်ပြည်ဆိုင်ရာ (INTERNATIONAL)၊ အပိုင်း(၃)က အထွေထွေ (GENERAL) ဖြစ်သည်။

**ကူးသန်းရောင်းဝယ်ရေး**

အပိုင်း(၁) ကူးသန်းရောင်းဝယ်ရေးကဏ္ဍတွင် Why Invest in Myanmar? ဆောင်းပါး၊ Business Laws of Myanmar (မြန်မာ့ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဥပဒေများ)၊ Business Laws of Myanmar Revisited (မြန်မာ့ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဥပဒေများမြစ်ဖျားခံရာ)ကို သီးခြားခွဲထုတ် လေ့လာနိုင်သည်။ နိုင်ငံခြားသားများအတွက် အခြေခံမိတ်ဆက်ပေးခြင်းဟု သုံးသပ်ပါသည်။ ကောက်နုတ်ချက်မျှသာ တင်ပြခြင်းပါ။

**နိုင်ငံခြားသားမေးသော မေးခွန်း**

"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ လာကြပါ"ဟု ဖိတ်ခေါ်ကြသည်။ ထိုအခါ တရားလွှတ်တော်ရှေ့နေတစ်ဦးဖြစ်သော စာရေးသူအား တွေ့တွေ့ချင်း နိုင်ငံခြားသားက မေးသည့်မေးခွန်းကတော့ "မင်းတို့မြန်မာနိုင်ငံက ဥပဒေက ဘယ်လိုအကာအကွယ်ပေးမလဲ။ ဘယ်လို အာမခံသလဲ"ဟူသော မေးခွန်းပါပဲ။

**ဥပဒေပညာရှင်များ၏ အခန်းကဏ္ဍ**

ဥပဒေလေ့လာသူ၊ ဥပဒေပညာရှင်များ၏ အခန်းကဏ္ဍ လွန်စွာအရေးကြီးလာပါသည်။ နိုင်ငံ၏ပြဋ္ဌာန်းဥပဒေများ ကျေညက်ရမည်။ သေသေချာချာ ရှင်းပြနိုင်ရမည်။ အထောက်အထားပြရမည်။ နိုင်ငံခြားရှေ့နေရုံး (FOREIGN LAW FIRM)များ၏ ကဏ္ဍ ပါဝင်ပတ်သက်လာပါပြီ။ ဒါမှ ဒို့မြန်မာ။

**နိုင်ငံခြားလောဖန်းအကြောင်း မိတ်ဆက်**

"Law Firm" "လောဖန်း"ကို Legal Sevices Company တစ်ခုအနေနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှာ မှတ်ပုံတင်ရသည်။ ဝန်ဆောင်မှုကုမ္ပဏီအနေနှင့် ဖွဲ့စည်းရသည်။ နိုင်ငံခြားရှေ့နေနှင့် မြန်မာရှေ့နေများ တိုင်ပင်ဆောင်ရွက်သည်။ မြန်မာနိုင်ငံဥပဒေအပိုင်းကို မြန်မာရှေ့နေများက လုံးဝတာဝန်ယူရသည်။ မြန်မာဥပဒေများ (အထူးသဖြင့်) စီးပွားရေးဥပဒေများကို အလျင်အမြန် ဘာသာပြန်ရသည်။ နိုင်ငံခြားသို့ e-mail နှင့် အမြန်ပို့ရသည်။ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာများပါ အင်္ဂလိပ်ဘာသာဖြင့် ပို့ရဦးမည်။ "အင်တာနက်၊ ကွန်ပျူတာ သုံးရမည်"ဟု အစချီကာ တရားလွှတ်တော်ရှေ့နေ ဦးစန်းလွင်က ၎င်းရေးသားပြုစုသော နိုင်ငံခြားရှေ့နေရုံး (Foreign Law Firm) စာအုပ်တွင် နိဒါန်းချီ ရေးသားထားသည်။

**အခန်း(၅)ခန်း**

နိုင်ငံခြားရှေ့နေရုံး (Foreign Law Firm) စာအုပ်တွင် အခန်း(၅)ခန်းပါဝင်သည်။

အခန်း(၁)တွင် နိုင်ငံခြားလောဖန်းများ၏ လုပ်ငန်းရေးရာကဏ္ဍခေါင်းစဉ်ဖြင့် နိုင်ငံခြားလောဖန်းအကြောင်း မိတ်ဆက်ထားသည်။

အခန်း(၂)တွင် နိုင်ငံခြားလောဖန်း၏ စီမံရေးရာကဏ္ဍ ဖော်ပြသည်။

အခန်း(၃)တွင် နိုင်ငံခြားလောဖန်း၏ လေ့ကျင့်သင်ကြားရေးနှင့် သုတေသနကဏ္ဍဖော်ပြသည်။

အခန်း(၄)တွင် နိုင်ငံခြားလောဖန်းများအကြောင်း (ကိုရီးယား၊ မလေးရှား) ဖော်ပြသည်။

အခန်း(၅)တွင် ယေဘုယျသုံးသပ်ချက်ဖော်ပြထားသည်။

**ဥပဒေအကြောင်း**

မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ်၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်ကို ပြဋ္ဌာန်းသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာသည်။ နိုင်ငံခြားလောဖန်းများလည်း ပိုမိုတိုးပွားလာသည်။ ဥပဒေကို မသိ၍မရ။ မဖတ်၍မရ။ နိုင်ငံခြားသားနှင့် တွေ့လျှင် သူတို့ထက်ပိုသိမှ တော်ကာကျသည်။

**စိတ်ကြိုက်ဥပဒေမူဘောင်**

နိုင်ငံခြားသားများက သူတို့စိတ်ကြိုက်ဥပဒေမူဘောင်သိမှ၊ နားလည်မှ၊ သေချာမှ ရင်းနှီးမြှုပ်နှံလိုခြင်းမှာ သဘာဝကျပါသည်။ နိုင်ငံခြားလောဖန်းများကလည်း မြန်မာနိုင်ငံကုမ္ပဏီများအပေါ် ဥပဒေအရ ဝန်ဆောင်မှုကုမ္ပဏီများအဖြစ် လုပ်ငန်းဆောင်ရွက်ကြသည်။ နောင်တွင် ယခုထက်ပိုတိုးတက်မည်။

**အင်္ဂလိပ်စာ**

အင်္ဂလိပ်စာ၊ အင်္ဂလိပ်ဘာသာသည် နိုင်ငံတကာသုံး ဘာသာရပ်ဖြစ်သည်။ ထို့ကြောင့် အရေးပါသည်။ အင်္ဂလိပ်ဘာသာနားမလည်၍မရ။ လေ့လာမှုအားကောင်းရသည်။ လူငယ်ရှေ့နေတွေ တွေ့တိုင်း အင်္ဂလိပ်စာ တော်အောင်လုပ်ကြပါဟု မှာရတာ မောလှပြီ။ လက်တွေ့အလုပ်လုပ်မှ သိမည်။

**လုပ်ငန်းစွမ်းရည်**

ဥပဒေစွမ်းရည်နှင့် နောက်ခံအခြေအနေများ ပေါင်းစပ်နိုင်မှ လုပ်ငန်းစွမ်းရည်မြင့်မည်။ ဥပဒေပညာလည်း ကျွမ်းကျင်၊ စီးပွားရေးနောက်ခံ အခြေအနေလည်း ပိုင်နိုင်လျှင် စိတ်ချစမြဲ။ လုပ်ငန်းအောင်ပြီဆိုနိုင်သည်။ လောဖန်း၏ အစွမ်းအစကြောင့် လုပ်ငန်းအောင်မြင်တာတွေ အများကြီးပါ။ လက်တွေ့ကျကျ အကျိုးရှိပါသည်။ ဥပဒေသုတေသန များများလုပ်ဖို့ လိုအပ်သည်။ ဝါရင့်နှင့် ဝါနုရှေ့နေများ ပူးတွဲအလုပ်လုပ်ရင်း ကြိုးစားသည်နှင့်အမျှ ဂုဏ်သတင်းပျံ့သင်းမည်။ မြန်မာတွေ မညံ့ဘူးဗျ။

**စာအုပ်ကြော်ငြာ မဟုတ်ပါ**

စာအုပ်ကြော်ငြာမဟုတ်သော်ငြား တရားလွှတ်တော်ရှေ့နေ ဦးစန်းလွင် ရေးသားသော နိုင်ငံခြားရှေ့နေရုံး (Foreign Law Firm) စာအုပ်ကို ရွှေဂန့်ကော်စာပေက ထုတ်ဝေပြီး (ရန်ကုန်) လှိုင်မြို့နယ် ရတနာမွန်လမ်း ဒေါ်မြင့်မြင့်မာက ဖြန့်ချိသည်။ ၂၀၁၅ ခုနှစ် ပထမအကြိမ်ထုတ်ဝေ၊ တန်ဖိုး လေးထောင်ကျပ်ဖြစ်သည်။ ဥပဒေဗဟုသုတ ရစေချင်သည်။

> **ဥပဒေစွမ်းရည်နှင့် နောက်ခံအခြေအနေများ ပေါင်းစပ်နိုင်မှ လုပ်ငန်းစွမ်းရည်မြင့်မည်။ ဥပဒေပညာလည်း ကျွမ်းကျင်၊ စီးပွားရေးနောက်ခံအခြေအနေလည်း ပိုင်နိုင်လျှင် စိတ်ချစမြဲ။ လုပ်ငန်းအောင်ပြီဆိုနိုင်သည်။ လောဖန်း၏ အစွမ်းအစကြောင့် လုပ်ငန်းအောင်မြင်တာတွေ အများကြီးပါ။ လက်တွေ့ကျကျ အကျိုးရှိပါသည်။ ဥပဒေသုတေသန များများလုပ်ဖို့ လိုအပ်သည်။**

**နိုင်ငံခြားရှေ့နေများ**

နိုင်ငံခြားရှေ့နေများနှင့် မြန်မာရှေ့နေများပူးတွဲ အလုပ်လုပ်ကြရသည်။ နိုင်ငံခြားရှေ့နေများ ကြိုတင်ရေးသားထားသော စာချုပ်စာတမ်းများကို မြန်မာရှေ့နေများက စိစစ်ကြရသည်။ မြန်မာဥပဒေပေတံများနှင့် တိုင်းတာကြရသည်။ လွှမ်းမိုးသည့် ဥပဒေ၊ မလွန်ဆန်မတားဆီးနိုင်သော ဖြစ်ရပ်များ၊ ကြိုတင်စည်းကမ်းချက်၊ ပြန်လည်ညှိနှိုင်းခြင်း၊ အနုညာတ ခုံသမာဓိနည်းလမ်းဖြင့် ဖြေရှင်းခြင်း စသည့်ခေါင်းစဉ်များတွင် သတိထား အကြံပေးရလေ့ရှိပါသည်။ အပြန်အလှန်အထပ်ထပ် စိစစ်ကြရသည်။ ညှိနှိုင်းကြရသည်။ တာဝန်ကြီးလေးပါသည်။

**ပူးတွဲဖတ်သင့်**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် ရေးသားသော Why Invest in Myanmar စာအုပ် (တာမွေ၊ ရန်ကုန်၊ Wisdom House စာပေက ထုတ်ဝေသည်)နှင့် ပူးတွဲဖတ်ရှုပါလျှင် သင့်လျော်ပါကြောင်း လူငယ်ရှေ့နေအပေါင်းအား နိုင်ငံခြားလောဖန်းအကြောင်း မျှဝေအသိပေးအပ်ပါကြောင်း . . . . ။

## မန္တလေးတောင် ဘုရားဖူးလာ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည်များ အဆင်ပြေစေရန် ကားနှင့်ဆိုင်ကယ်ရပ်နားရန်နေရာ တိုးချဲ့တည်ဆောက်

**မန္တလေး ဖေဖော်ဝါရီ ၂၁**

မန္တလေးတောင် ဘုရားဖူးလာဧည့်သည်များ အဆင်ပြေစေရန် ဓာတ်လှေကား၊ စက်လှေကား ခြေရင်းတွင်ကား၊ ဆိုင်ကယ်ရပ်နားရန် နေရာများ တိုးချဲ့တည်ဆောက်လျက် ရှိသည်။

ကားရပ်နားရန် ဓာတ်လှေကား၊ စက်လှေကား ခြေရင်းတွင် အလျား ပေ ၁၃၀၊ အနံ ပေ ၃၀ သံကူကွန်ကရစ် ကားရပ်နားရန်နေရာနှင့် တောင်တော်အတက် ဆိုင်ကယ်စတင်းဘေး ခိုင်ရွှေဝါဘုရားအနီးတွင် အလျား ပေ ၉၀၊ အနံ ၁၅ ပေ သံကူကွန်ကရစ် ဆိုင်ကယ်ရပ်နားရန် နေရာတို့ကို ဖေဖော်ဝါရီလဆန်းပိုင်းမှ စတင်တည်ဆောက်နေခြင်းဖြစ်သည်။

အဆိုပါ ကား၊ ဆိုင်ကယ်ရပ်နားရန်နေရာ တည်ဆောက်ခြင်းလုပ်ငန်းကို ငွေကျပ် ၁၀၇၅၇၇၅၀၀ အကုန်အကျခံမည်ဖြစ်ကာ Moderate Company က မတ်လအတွင်း အပြီးတည်ဆောက်လျက်ရှိရာ ပြီးစီးသွားပါက ကားအစီး ၃၀ နှင့် ဆိုင်ကယ်အစီး ၂၀၀ ခန့် တိုးချဲ့ရပ်နားနိုင်မည်ဖြစ်သည်။



မန္တလေးတောင်တော် ဂေါပကအဖွဲ့မှ တောင်တော်စီမံးလန်းစိုပြည်သာယာရေး၊ သန့်ရှင်းရေး စနစ်တကျဖြစ်ရေး၊ သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံရေး၊ ပြည်တွင်း ပြည်ပ ဘုရားဖူးဧည့်သည်များ စိတ်ချမ်းမြေ့စွာဘုရားဖူးမြော်နိုင်ရေးအတွက် လိုအပ်ချက်များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဘုရားဖူးဧည့်များ ပိုမိုများပြားလာခြင်းကြောင့် အထူးစည်ကားလျက်ရှိသည်။

မန္တလေးမြို့ ဂုဏ်ဆောင် အထင်ကရ လည်ပတ်စရာနေရာ တစ်ခုဖြစ်သည်နှင့်အညီ အခါကြီးရက်ကြီးများ၊ ညနေခင်းနေဝင်ချိန်များတွင် ကား၊ ဆိုင်ကယ်များ ရပ်နားရန်နေရာ အခက်အခဲရှိလာသည့်အတွက် ယခုလို ကား၊ ဆိုင်ကယ်ရပ်နားရန် နေရာတိုးချဲ့တည်ဆောက်ခြင်းကို မန္တလေးတောင်တော် ဩဝါဒဆရာတော်ကြီးများထံ ဩဝါဒခံယူပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ထံတင်ပြကာ မန္တလေးတောင်တော် ဘဏ္ဍာငွေဖြင့် တိုးချဲ့တည်ဆောက်ခြင်း ဖြစ်ကြောင်း မန္တလေးတောင် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွန်းက ပြောသည်။ **(၀၀၂)**

## နွားထိုးကြီးမြို့နယ်၌ ရေအခက်အခဲမဖြစ်ပေါ်စေရေးဆောင်ရွက်

**နွားထိုးကြီး ဖေဖော်ဝါရီ ၂၁**

နွားထိုးကြီးမြို့ပေါ်တွင် နွေရာသီ၌ ရေအခက်အခဲမဖြစ်စေရန် ဂါလန် ၂၆၀၀၀ ဆံ့ (၂၃ ပေ ပတ်လည်၊ ရှစ်ပေ အနက်) ပလတ်စတစ်ခင်းမြေသားကန်ခုနစ်ကန်၊ ဂါလန် ၂၆၀၀၀ ဆံ့ ကွန်ကရစ်ကန်တစ်ကန်ကို ရေချိုဖြည့်စည်းသိုလှောင်ထားပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးနှင့် သောက်သုံးရေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်ဆည်မြောင်းဦးစီးအရာရှိ ဦးအောင်မြင့်သိန်းက ပြောသည်။

အလားတူ ကန်နားကန်မှ ကန်ရေ ၈၀ ဧက ပေ၊ ခက်လန်းဆည်ရေ ၂၆၁၆ ဧကပေနှင့် မြင်သာဆည်မှ ၁၈၅ ဧကပေတို့ ကိုလည်း စိုက်ပျိုးရေမသုံးဘဲ သောက်သုံးရေအဖြစ် ကြိုတင်သိုလှောင်ထားကြောင်း ဆက်ပြောကြားသည်။ နွားထိုးကြီးနယ်တွင် နွေရာသီရေအတွက် စိုးရိမ်စရာမလိုဘဲ ရေကိုအကျိုးရှိစွာ သုံးစွဲနိုင်ရန် ရေသိုလှောင်ရေးကို ဦးစားပေးဆောင်ရွက်နေကြောင်း သိရသည်။ **(ဌေးမြင့်မောင်)**

## ကျေးရွာချင်းဆက်မြေသားလမ်းဖောက်လုပ်ပြီးစီး

**မင်းကင်း ဖေဖော်ဝါရီ ၂၁**

မင်းကင်းမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ယုံသာ- အညာလယ်- မောက္ကတော်ကျေးရွာချင်းဆက် မြေသားလမ်းအရှည် ၁၆ မိုင် × ၁၈ ပေအကျယ် ဖောက်လုပ်ခြင်းလုပ်ငန်းအား ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၈ ရက်က မြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်ဇေယျနှင့် ဝန်ထမ်းများက စတင်တာဝန်ယူဖောက်လုပ်ပေးခဲ့သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေ ကျပ် ၂၄၀ ဒသမ ၁၆ သန်းဖြင့် ဆောက်လုပ်ခဲ့ရာ ဖေဖော်ဝါရီ ၁၈ ရက်က ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ရာ လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာပေါင်း ၁၃ ရွာ၊ အိမ်ထောင်စုပေါင်း ၁၁၅၃ စုအတွက် အကျိုးရှိမည်ဖြစ်သည့်အပြင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသဖြင့် လူမှုစီးပွားဘဝများ အဆင်ပြေလာမည်ဖြစ်သည်။

**ချင်းတွင်းသား(ပြန်/ဆက်)**

## ပြည်တွင်းရေးရာ

# ကလေးမြို့တွင် ချင်းအမျိုးသားနေ့ကျင်းပ

**ကလေး ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် (၆၈)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ချင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ၏ဦးဆောင်မှုဖြင့် တောင်ဖီလာရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ဖေဖော်ဝါရီ ၂၀ ရက်ညနေ ၆ နာရီခွဲတွင် စည်ကားသိုက်မြိုက်စွာကျင်းပသည်။

အဆိုပါ ချင်းအမျိုးသားနေ့ကို ကလေးမြို့တွင်နေထိုင်ကြသော ဖလမ်း၊ ဟားခါး၊ ထန်တလန်၊ တီးတိန်၊ တွန်းဇံ၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ပလက်ဝ စသည့် ချင်းလူမျိုးပေါင်းစုံ ပါဝင်ပူးပေါင်းလျက် စည်းလုံးညီညွတ်စွာ အမြတ်တနိုးတန်ဖိုးထားကျင်းပသည့် နေ့ထူးနေ့မြတ်ကြီးဖြစ်သည်နှင့်အညီ ရှေးဦးစွာ ကလေးမြို့နေ ချင်းလူမျိုးပေါင်းစုံ ကိုယ်စားပြု သဘာပတိအဖွဲ့ ခုနစ်ဦးတို့က နေရာယူပြီးနောက် သဘာပတိကြီးက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ချင်းတိုင်းရင်းသားရေးရာ ဝန်ကြီးနှင့် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး ကလေးကွန်ပျူတာတက္ကသိုလ်ကျောင်းအုပ်ကြီးက ချင်းအမျိုးသားနေ့ ပေါ်ပေါက်လာပုံကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တစ်နိုင်ငံလုံးပညာရေးထူးချွန်ဆုရဘာသာစုံဂုဏ်ထူးရှင်များနှင့် ချင်းအမျိုးသားနေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲများမှ ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ကြပြီးနောက် ချင်းအမျိုးသားနေ့ကို ပါဝင်ဆင်နွှဲကြသော ပရိသတ်ကြီးအား ချင်းလူမျိုးနွယ်စု ရိုးရာအကများနှင့် ခေတ်ပေါ်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

**(ဂျိုးနက်)**




**❖ နိုင်ငံပိုင်လေကြောင်းလိုင်းမှ** ခရီးစဉ် စတင်ပျံသန်းပြေးဆွဲခြင်း ဖွင့်ပွဲအထိမ်းအမှတ်အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပခဲ့သည်။

"အရင်ကတော့ နိုင်ငံပိုင်လေကြောင်းလိုင်းက မြန်မာ့လေကြောင်းအမည်နဲ့ ရန်ကုန်-ဗန်ကောက်ကို ၁၉၅၀ ခုနှစ်ကနေ ၁၉၉၃ ခုနှစ်အထိတိုင်အောင် ပြေးဆွဲခဲ့ပါတယ်။ အခုအချိန်မှာ မြန်မာအမျိုးသား လေကြောင်းလိုင်းအနေနဲ့ စင်ကာပူ၊ ဟောင်ကောင် ခရီးစဉ်တို့ ပြေးဆွဲပြီးတဲ့နောက်မှာ တတိယမြောက် ပြည်ပခရီးစဉ်အဖြစ် ပြန်လည်ပြေးဆွဲနိုင်ခဲ့တာပဲ ဖြစ်ပါတယ်" ဟု မြန်မာအမျိုးသားလေကြောင်းလိုင်း အမှုဆောင်အရာရှိချုပ် ကပ္ပတိန်သန်းထွန်းက ပြောသည်။

အဆိုပါ ခရီးစဉ်ကို စတင်ပြေးဆွဲခြင်း အထိမ်းအမှတ်အနေဖြင့် အမေရိကန်ဒေါ်လာ ၁၃၉ ဒေါ်လာ (လေယာဉ်ဆီဖိုးနှင့် လေဆိပ်အခွန်အခများအပါအဝင်)ဖြင့် အရောင်းမြှင့်တင် ပြေးဆွဲပေးလျက်ရှိသည်ဟု သိရသည်။ ပြေးဆွဲပေးလျက်ရှိသည့် အချိန်များမှာ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ တနင်္ဂနွေနေ့တို့တွင် ရန်ကုန်မှ ဗန်ကောက်သို့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် ထွက်ခွာမည်ဖြစ်ပြီး ဗန်ကောက်မှ ရန်ကုန်သို့ ခရီးစဉ်တွင် ည ၉ နာရီ ၅ မိနစ်တွင် သုဝဏ္ဏဘူမိလေဆိပ်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြေးဆွဲပေးမည်ဖြစ်သည်။ အင်္ဂါနေ့နှင့် ကြာသပတေးနေ့တို့တွင် ရန်ကုန်မှ ညနေ ၅ နာရီ ၅၅ မိနစ်တွင် ထွက်ခွာမည်ဖြစ်ပြီး ဗန်ကောက်မှ ည ၈ နာရီ ၅၅ မိနစ်တွင် ပြန်လည်ထွက်ခွာမည်ဖြစ်သည်။ စနေနေ့တွင် ရန်ကုန်မှ ညနေ ၆ နာရီ ၁၆ မိနစ်တွင် ထွက်ခွာမည်ဖြစ်ပြီး ဗန်ကောက်မှ ည ၈ နာရီ ၅၅ မိနစ်တွင် ပြန်လည်ထွက်ခွာပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာလေကြောင်းလိုင်းခရီးစဉ်များတွင် လေကြောင်းလိုင်းအသီးသီးမှ တိုးချဲ့ပျံသန်းပြေးဆွဲလာကြခြင်းအပြင် စရိတ်နည်းလေကြောင်းလိုင်းများ၏ အရောင်းမြှင့်တင်ပြေးဆွဲမှုများ၊ ကမ္ဘာ့လောင်စာဆီဈေးနှုန်းကျဆင်းမှုများကြောင့် လေကြောင်းခရီးစဉ်ဈေးနှုန်းများ လျော့ကျလာခဲ့ရာ ပြည်ပသို့ သွားရောက်လည်ပတ်မှုများလည်း များပြားလာကြောင်း သိရသည်။ ပြည်တွင်းမှ ပြည်ပသို့ သွားရောက်လည်ပတ်သူများအနေဖြင့် အချိန်အနည်းငယ်သာ စီးနင်းရသည့် ဒေသတွင်းခရီးစဉ်များတွင် ဘေးကင်းလုံခြုံ၍ ဈေးနှုန်းပိုမိုသက်သာသော လေကြောင်းလိုင်းများကို ရွေးချယ်စီးနင်းလေ့ရှိရာ ဝန်ဆောင်မှုပိုင်းကောင်းမွန်လာသော နိုင်ငံပိုင်လေကြောင်းလိုင်း၏ ခရီးစဉ်ဈေးနှုန်းများ ယခုထက်လျော့နည်းလာပါက အားပေးစီးနင်းသူပိုမိုများပြားလာနိုင်ကြောင်း ခရီးသည်များက သုံးသပ်သည်။ **(၀၀၁)**




# အထူးကုန်စည်ခွန်ဥပဒေနှင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**မုံရွာ ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန၏ အထူးကုန်စည်ခွန်ဥပဒေနှင့် ၂၀၁၆ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေရှင်းလင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က စစ်ကိုင်းတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှင်းလင်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး ဦးကျော်ဇေယျက အထူးကုန်စည်ခွန်ဥပဒေနှင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအား အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။



ယင်းနောက် တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ထွန်းဦးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းတို့က လုပ်ငန်းများနှင့်ပတ်သက်၍ သိရှိဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခြင်း၊ တက်ရောက်လာကြသော မြို့နယ်ဦးစီး ဌာနမှူးများမှ မိမိတို့မြို့နယ်များ၏ လုပ်ငန်းအခြေအနေများနှင့် သိရှိလိုသည် များကို အသီးသီးမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြား ကြသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးအတွင်းရှိ မုံရွာမြို့နယ်အပါအဝင် မြို့နယ်ပေါင်း ၃၁ မြို့နယ်မှ မြို့နယ်အခွန်ဦးစီးဌာနမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

# ရှမ်းနှင့် ချင်း၊ ဇွဲကပင်နှင့် ရတနာပုံသရေကျပြီး ဇေယျာရွှေမြေနိုင်ပွဲပြန်ရ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၇)ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကွင်းသုံးကွင်း၌ ကျင်းပသည်။

**(တောင်ကြီးကွင်း)**
**ရှမ်းယူနိုက်တက် - တစ်ဂိုး**
**ချင်းယူနိုက်တက် - တစ်ဂိုး**

နည်းပြအပြောင်းအလဲတွင် ရှမ်းယူနိုက်တက်အသင်း ရလဒ်ကောင်း ရယူနိုင်ခြင်းမရှိသေးဘဲ သရေတစ်မှတ်ဖြင့် ကျေနပ်ခဲ့ရသည်။ ကစားသမားအသစ်များပြားပြီး အသင်းသစ်သဖွယ် တည်ဆောက်နေရသည့် ရှမ်းယူနိုက်တက်အသင်းမှာ ရလဒ်ကောင်းရရှိရန် အချိန်ယူပြင်ဆင်ရဖွယ်ရှိနေသည်။ ချင်းယူနိုက်တက်အသင်းမှာ အဝေးကွင်းအမှတ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြသစ် ဦးစိုးမြတ်မင်းလက်ထက် ပထမဆုံးပွဲတွင် ရှမ်းယူနိုက်တက်အသင်းမှာ ပွဲထွက်လူစာရင်းကို အနည်းငယ် အပြောင်းအလဲလုပ်ခဲ့ပြီး လှိုင်မျိုးအောင်ကို ပွဲထွက်လူစာရင်း၌ အသုံးပြုကာ သီဟစည်သူ၊ ဝင်းမင်းထွန်း၊ ဇင်မင်းထွန်း၊ စိုင်းမင်းထွန်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ ချင်းအသင်းမှာလည်း နိုင်ငံခြားသား သုံးဦးအပါအဝင် ဆောင်လမန်၊ ချစ်စုမိုးတို့ဖြင့် လူစုံအသုံးပြုခဲ့သည်။ နည်းပြအပြောင်းအလဲတွင် ရှမ်းယူနိုက်တက် ရုန်းကန်နေရဆဲဖြစ်ပြီး ပထမပိုင်းတွင် ချင်းယူနိုက်တက်ဘက်သို့ ဖိအားပေးနိုင်ခြင်းမရှိခဲ့ပေ။ ဒုတိယပိုင်းကျမှ ပွဲက အနည်းငယ် ပြန်လည် အသက်ဝင်လာခဲ့ပြီး ၅၉ မိနစ်တွင် ဆောင်လမန်က ချင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ချင်း၏ ဦးဆောင်မှုမှာ နှစ်မိနစ်သာကြာခဲ့ပြီး ၆၁ မိနစ်တွင် အလီကာမာရာက ရှမ်းအတွက် ချေပဂိုး ပြန်သွင်းခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ပိုဖိကစားနိုင်ခဲ့ပြီး အခွင့်အရေးအချို့ရခဲ့သော်လည်း အသုံးမချနိုင်၍ သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ ချင်းယူနိုက်တက်အသင်းမှာ အသင်းကြီးတစ်သင်းဖြစ်သည့် ရတနာပုံအသင်းပြီးနောက် ရှမ်းအသင်းကို သရေထပ်မံကစားခဲ့ခြင်းဖြစ်သည်။




ရှမ်းယူနိုက်တက်နှင့် ချင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

အခြားပွဲစဉ်များတွင် ဇွဲကပင်အသင်းနှင့် ရတနာပုံအသင်းတို့ တစ်ဂိုးစီသရေကျသွားသည်။ ဇွဲကပင်အသင်းမှာ တင်ဝင်းအောင်၏ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ရတနာပုံအတွက် ချေပဂိုးကို အောင်သူက သွင်းယူပေးခဲ့သည်။ ယင်းပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ဇေယျာရွှေမြေနှင့် မကွေးတို့ပွဲတွင် ဇေယျာရွှေမြေက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ချိုထွန်းက မကွေးအတွက် ဦးဆောင်ဂိုးစတင် သွင်းယူနိုင်ခဲ့သော်လည်း ဇေယျာရွှေမြေအတွက် နိုင်ဦးလွင်က ချေပဂိုးနှင့် ရန်နိုင်ဦးက အနိုင်ဂိုးတို့ သွင်းယူခဲ့သည်။

ယမန်နေ့က ကစားသောပွဲတွင် ရန်ကုန်က ရခိုင်ကို သုံးဂိုး-တစ်ဂိုး၊ ဧရာဝတီက Horizon ကို နှစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရခဲ့သည်။

**ယနေ့ပွဲ**
**(သုဝဏ္ဏကွင်း)**

Southern - ဟံသာဝတီ

**သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်**



**အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ရက်သတ္တပတ်အဖြစ် မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးသူငယ်များအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဖေဖော်ဝါရီ ၂၀ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ ကာကွယ်ဆေးတိုက်နေ့ ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့များက ကလေးငယ်များအား ကာကွယ်ဆေးတိုက်ကျွေးစဉ်။**

နေလင်း(ညောင်လေးပင်)

# ပြည်တွင်းရေးရာ

## ☆ ဧရာဝတီတိုင်းဒေသကြီးမှ

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးညဏ်ထွန်းအောင်၊ ဦးခင်မောင်စိုး၊ ဦးမောင်မြင့်၊ ဦးကျော်လွင်၊ ဦးအေးမြင့်၊ ဦးရဲထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်အောင်ကျော်ဇော၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ရဟတ်ယာဉ်များဖြင့် ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ရေလယ်သောင်ကျေးရွာသို့ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဟင်္သာတခရိုင် ဇလွန်မြို့နယ် ဝါသလနှင့် မေဒိုရွာများအနီး မြစ်ကမ်းပါးတိုက်စားခြင်းနှင့် ရေဘေးအန္တရာယ်ကာကွယ်ခြင်းလုပ်ငန်းစီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ဒုတိယဝန်ကြီး ဦးခင်ဇော်က ဝါသလနှင့် မေဒိုရွာများအနီး မြစ်ကမ်းပါးတိုက်စားခြင်းနှင့် ရေဘေးအန္တရာယ်ကာကွယ်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ စီမံကိန်း၏ ရည်ရွယ်ချက်၊ တည်နေရာ၊ လုပ်ငန်းဆိုင်ရာအချက်အလက်များနှင့် တူးဖော်မည့် ဖြတ်မြောင်းဒီဇိုင်းပုံစံတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စီမံကိန်းနယ်မြေအတွင်း ပါဝင်သည့် ဒေသခံပြည်သူများအနေဖြင့် စီမံကိန်းဆိုင်ရာ အခြေအနေများကို သိရှိနားလည်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ သီးနှံလျော်ကြေးနှင့် မြေယာများ အစားပြန်လည်ပေးအပ်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက လမ်းညွှန်အမှာစကားပြောကြားရာတွင် ဝါသလနှင့်မေဒိုရွာများအနီး ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် တာတမံပြိုကျပျက်စီးမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရပြီး ထိုကဲ့သို့ တာတမံပြိုကျပါက ဒူးယားအင်းပါ ပျက်စီးကာ ဟင်္သာတမြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ငပုတော... ဓနုဖြူမြို့နယ်များအတွင်းရှိ မြေဧရိယာသုံးသိန်းကျော် ပျက်စီးမည့် အခြေအနေတွင် ရှိနေကြောင်း။

ထိုအခြေအနေမှ ကာကွယ်ပေးရန် ဒေသခံများ၏ တောင်းဆိုမှုကြောင့် ယခုနှစ် မိုးရာသီမရောက်မီရေလွှဲဖြတ်မြောင်းတူးဖော်ခြင်းနှင့် မြစ်ကမ်းပါးတိုက်စားမှု ကာကွယ်ခြင်းလုပ်ငန်းများကို အပြီးဆောင်ရွက်ရန်လိုကြောင်း၊ အဆိုပါလုပ်ငန်းများသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားသောလုပ်ငန်းများ မဟုတ်ဘဲ အရေးပေါ်သဘာဝဘေးအန္တရာယ်မှ ကာကွယ်တားဆီးရေးလုပ်ငန်းများဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးနှင့်ပတ်သက်သည့် ရန်ပုံငွေများမှ ထုတ်နုတ်ပြီး ဒေသအကျိုးအတွက် ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း။

ရေလွှဲဖြတ်မြောင်းဖြတ်သန်းတူးဖော်ရမည့် လယ်ယာမြေများနှင့်ပတ်သက်ပြီး စိုက်ပျိုးစရိတ်နှင့်မြေတန်ဖိုး၊ စိုက်ပျိုးထားသည့် သီးနှံများရောင်းချပါက ရရှိမည့်ငွေတန်ဖိုးတို့ကို တွက်ချက်ပြီး လျော်ကြေးပေးမည့်အပြင် နိုင်ငံတော်မှသင့်တော်သည့် ကရုဏာကြေးလည်း ထပ်ဆောင်းပေးမည်ဖြစ်ကြောင်း၊ ထို့ပြင်ရေလွှဲဖြတ်မြောင်းဖောက်လုပ်ခြင်းကြောင့် အသစ်ပေါ်ထွန်းလာမည့် မြေနေရာများတွင် မူလလုပ်ကိုင်ခဲ့သည့် တောင်သူလယ်သမားများကို ပြန်လည်နေရာချထားပေးရမည်ဖြစ်ကြောင်း။

ရေလွှဲဖြတ်မြောင်းတူးဖော်ခြင်းကြောင့် ဖယ်ရှားပေးရမည့် မြေဧရိယာမှာ ဧကသုံးရာကျော်ခန့်သာရှိပြီး ရေလွှဲဖြတ်မြောင်းကြောင့် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည့် မြေဧရိယာမှာ သုံးသိန်းကျော်ရှိသည်ကို ဒေသခံများအား ရှင်းပြရန်လိုကြောင်း၊ ရေလွှဲဖြတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းအားလုံးကို မိုးမကျမီ အပြီးသတ်နိုင်ရန်အတွက် အမြန်ဆုံးစတင်ဆောင်ရွက်ရန်လိုကြောင်း၊ လျော်ကြေးထုတ်ပေးမှုများကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အဆိုပါစီမံကိန်းရှင်းလင်းဆောင်၌ ဒေသခံ ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး မြစ်ကမ်းပါးတိုက်စားမှု အခြေအနေ၊ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်နှင့် ဆိုးကျိုးများ၊ နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဝါသလ-မေဒိုရွာများအနီး မြစ်ကမ်းပါးတိုက်စားခြင်းနှင့် ရေဘေးအန္တရာယ်ကာကွယ်ခြင်းလုပ်ငန်းစီမံကိန်းနယ်မြေအတွင်း စက်ယန္တရားကြီးများအသုံးပြု၍ လုပ်ငန်းဆောင်ရွက်နေမှု၊ လုပ်ငန်းပြီးစီးမှုနှင့် စက်ယန္တရားများ ရောက်ရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာရာ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ဧရာဝတီမြစ်သည် ဟင်္သာတမြို့ အောက်ရွာလေးကျေးရွာအနီးမှစ၍ မြစ်မသည် အရှေ့ဘက်သို့လည်းကောင်း၊ မြစ်ခွဲငယ်တစ်ခုသည် တောင်ပို့တရာရွာဘက်သို့လည်းကောင်း ခွဲထွက်ကာ မြစ်ကမ်းပါးများကို တိုက်စားစီးဆင်းလျက်ရှိသည်။

မြစ်ကမ်းစားမှုနှုန်းသည် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၁၁၃ ပေ၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ပေ ၄၇၀ နှင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ပေ ၄၇၀ အသီးသီးဖြစ်ပွားခဲ့ရာ မေဒိုရွာအနီးတွင် မြစ်ကမ်းနှင့် တာအကွာအဝေးသည် ပေ ၁၈၀ မှ ပေ ၂၀၀ အတွင်းသာ ကျန်ရှိသည့်အတွက် တာတမံပြိုကျပျက်စီးပါက ဇလွန်မြို့နယ်၊ ဟင်္သာတမြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ဓနုဖြူမြို့နယ်များအတွင်းရှိ မြေဧရိယာ ဧကသုံးသိန်းကျော်ကို မြစ်ရေဖုံးလွှမ်းနိုင်ပြီး ပြည်သူများ၏ အသက်အန္တရာယ်၊ အိုးအိမ်စည်းစိမ်များအပြင် တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးနိုင်ကြောင်း သိရသည်။

သို့ဖြစ်၍ နိုင်ငံတော်သမ္မတက “လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ မြေကြီးတူးဖော်သည့်လုပ်ငန်းနှင့်ပတ်သက်၍ အိုမီဂါပုံသဏ္ဌာန်ဖြစ်ရမည့်လုပ်ငန်းများအား နှစ်လ

**စာမျက်နှာ ၉ သို့**◆



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒေသခံပြည်သူများအား မြစ်ကမ်းပါးတိုက်စားမှုအခြေအနေ၊ ဖြစ်ပေါ်လာနိုင်သည့်အန္တရာယ်နှင့် ဆိုးကျိုးများ၊ နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)



**ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်း ဧရာဝတီမြစ်ရေတိုက်စားမှုမှကာကွယ်နိုင်ရန် ရေလွှဲဖြတ်မြောင်းတူးဖော်ခြင်းနှင့် မြစ်ကမ်းပါးတိုက်စားမှုကာကွယ်ခြင်းလုပ်ငန်းများကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေစဉ်။** (သတင်းစဉ်)



**ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်း မြစ်ကမ်းပါးတိုက်စားခြင်းနှင့် ရေဘေးအန္တရာယ်ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် စက်ယန္တရားများစုဖွဲ့ထားမှုကို တွေ့ရစဉ်။** (သတင်းစဉ်)

## ပြည်တွင်းရေးရာ

❒ **ကျောဖုံးမှ**

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးများသည် (၆၈)နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ဝမ္ဗသူးမောင်အားကစားကွင်း၌ ကျင်းပသည့် ချင်းရိုးရာဘွေ့တိုင်(ခေါ်) အထွတ်အမြတ်တိုင်စိုက်ထူပွဲသို့ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီးများသည် ဒေသခံတိုင်းရင်းသားများနှင့်အတူ ချင်းရိုးရာဘွေ့တိုင်ကို စုပေါင်းသယ်ယူကြပြီး ကွင်းအတွင်းရှိ သတ်မှတ်နေရာတွင် စိုက်ထူပေးကြကာ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများသည် ဟားခါးမြို့ ဝမ္ဗသူးမောင်အားကစားကွင်း၌ ကျင်းပသည့် (၆၈)နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ် ခွေါင်ကျွဲပွဲတော်နှင့် ရိုးရာယဉ်ကျေးမှုဖျော်ဖြေပွဲသို့ တက်ရောက်အားပေး၍ ဂုဏ်ပြုဆုများချီးမြှင့်သည်။

ချင်းအမျိုးသားနေ့ အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ချင်းရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ ချင်းအမျိုးသားနေ့အထိမ်းအမှတ် မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

❖ **စာမျက်နှာ ၈ မှ**

အတွင်း ပြီးစီးအောင်ဆောင်ရွက်ရေး စက်ယန္တရားများစုစည်း၍ လုပ်ဆောင်ရန်" ဇန်နဝါရီ ၂၇ ရက်က လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ ဧရာဝတီမြစ်ဖြတ်မြောင်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများမှာ အလျား ၅ ဒသမ ၅ မိုင်၊ ထိပ်ဝအကျယ် ပေ ၂၂၀ နှင့် ပျမ်းမျှအနက် ၄၆ ပေ၊ ခန့်မှန်းမြေကြီးကျင်းပေါင်း ၁၂ သိန်းရှိသည့် ဖြတ်မြောင်းဖောက်လုပ်ခြင်း၊ ရေလမ်းထိန်း အဆောက်အအုံများဖြစ်သည့်အလျား ပေ ၈၆၀၀ ရှိ ကျောက်ဖြည့်ရေလွှဲတန်းလေးခု၊ အလျား ပေ ၄၀၀၀ ရှိ ကျောက်ဖြည့်ရေကြောင်း ပိတ်တမံနှစ်ခု၊ ဧရိယာ ၁၂၀၀၀၀ စတုရန်းပေရှိ ကမ်းထိန်းဝါးကဒစ်ကွက် နှစ်ခုနှင့် မေဒုံပန်းတာနှင့် မြစ်ကမ်းထိန်းလုပ်ငန်းအတွက်အလျားပေ ၆၈၀၀ ရှိ မေဒုံပန်းတာတည်ဆောက်ခြင်းတို့ဖြစ်သည်။

ဇလွန်မြို့နယ် ဝါသလနှင့် မေဒုံရွာများအနီး မြစ်ကမ်းစားခြင်းနှင့်ရေဘေးအန္တရာယ်ကာကွယ်ခြင်းလုပ်ငန်းများဖြစ်သည့် ရေလွှဲဖြတ်မြောင်းတူးဖော်ခြင်း၊ မေဒုံပန်းတာတည်ဆောက်ခြင်းနှင့် ဗျည့်စဉ်ကုန်းမြစ်ကမ်းကာကွယ်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရန် မြေတူးစက် ၂၄၄ စီး၊ ကုန်း၊ ရေနှစ်သွယ်မြေတူးစက်နှစ်စီး၊ မြေထိုးစက် ၃၃ စီးနှင့် မြေသယ်ယာဉ် ၁၀၆ စီး စုစုပေါင်းစက်ယန္တရား ၃၈၅ စီးတို့မှာ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှစတင်၍ လုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အဆိုပါစီမံကိန်းကို ယခုနှစ် မိုးရာသီမတိုင်မီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်း ဧရာဝတီမြစ်ရေတိုက်စားမှုမှကာကွယ်နိုင်ရန် ရေလွှဲဖြတ်မြောင်း တူးဖော်ခြင်းနှင့် မြစ်ကမ်းပါးတိုက်စားမှု ကာကွယ်ခြင်းလုပ်ငန်းများကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေစဉ်။ (သတင်းစဉ်)



ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်း ဧရာဝတီမြစ်ရေတိုက်စားမှုမှကာကွယ်နိုင်ရန် ရေလွှဲဖြတ်မြောင်းတူးဖော်ခြင်းနှင့် မြစ်ကမ်းပါးတိုက်စားမှု ကာကွယ်ခြင်းလုပ်ငန်းများကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေစဉ်။ (သတင်းစဉ်)

# ရပ်ကွက်အုပ်ချုပ်ရေးမှူးရွေးချယ်

**ရွှေပြည်သာ ဖေဖော်ဝါရီ ၂၁**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် (၆)ရပ်ကွက်၏ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲကို ရွှေပြည်သာ အထက(၁) ရွှေပြည်ရတနာခန်းမ၌ ဖေဖော်ဝါရီ ၂၀ ရက်မွန်းလွဲပိုင်းက ပြုလုပ်ခဲ့သည်။

ရွေးချယ်ပွဲတွင် ကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် ဦးတင်ဝင်းက အရွေးချယ်ခံကြမည့်သူ ငါးဦးနှင့် ကြီးကြပ်ရေးအဖွဲ့ လုပ်ဆောင်မည့်အချက်များကို ရှင်းလင်းကာ မဲပေးကြရမည့် ဆယ်အိမ်စု ကိုယ်စားလှယ် ၂၃၆ ဦးထဲမှ ၁၈၇ ဦးမဲပေးခဲ့ကြသည်။ ဦးလှစိုးက ၈၂ မဲ၊ ဦးသန်းထွန်းဦးက ၅၉ မဲ၊ ဦးညိုအိက ၃၅ မဲ၊ ဦးမြတ်ချိုအောင်နှင့် ဦးဇော်ဝင်းတို့က ငါးမဲစီရခဲ့ပြီး ပယ်မဲတစ်မဲအဖြစ် ရလဒ်ပေါ်ထွက်ခဲ့ကြောင်း သိရသည်။

**ကိုမိုး(ရွှေပြည်သာ)**

❂

# မင်းတပ်မြို့နယ် ပလိပ်ထွီကျေးရွာသောက်သုံးရေရရှိကာ ကျေးရွာနေပြည်သူများအဆင်ပြေ

**မင်းတပ် ဖေဖော်ဝါရီ ၂၁**

မင်းတပ်မြို့နယ် ပလိပ်ထွီကျေးရွာတွင် ကျေးရွာနေပြည်သူများ သောက်သုံးရေရရှိရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေ ၁၅ သန်းဖြင့် ဝကောက်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့သည်။ အဆိုပါသောက်သုံးရေရရှိရေးဆောင်ရွက်မှုလုပ်ငန်းဖွင့်ပွဲကို ဖေဖော်ဝါရီလ ဒုတိယပတ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်ကိုထွဋ်၊ ဦးစီးအရာရှိ(ခရိုင်ရုံး) ဦးထန်းအွမ်နှင့် ပလိပ်ထွီကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ရေထွက်အကွာအဝေးလေးမိုင်နှင့် ရေဖမ်းကန်၊ ရေလှောင်ကန်၊ ရေစစ်ကန်များ တည်ဆောက်သွယ်တန်းမှုလုပ်ငန်းများဆောင်ရွက်ပြီးစီးပြီဖြစ်ရာ အိမ်ခြေ ၃၅ အိမ်နှင့် လူဦးရေ ၁၈၀ ရှိသည့် ပလိပ်ထွီကျေးရွာနေပြည်သူများအတွက် များစွာအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖❖❖



## နမ့်ဆန်မြို့တည်ဆောက်ရေးလုပ်ငန်းများ ပွင့်လင်းရာသီအမီတည်ဆောက်ရန် အရှိန်အဟုန်မြှင့်ဆောင်ရွက်

**သီပေါ ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့အား မိုးရာသီမတိုင်မီ ပွင့်လင်းရာသီ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ စတင်နိုင်ရန် မီးလောင်ပြင်သန့်ရှင်းရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မီးလောင်ပြင်မှ လောင်စာနှင့်စွန့်ပစ်ပစ္စည်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျောက်မဲ၊ သီပေါ၊ လားရှိုး၊ နောင်ချို၊ နမ္မတူမြို့နယ်များမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များ အပြင် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန(ရုံးခွဲ) လားရှိုး တာဝန်ခံဒုတိယညွှန်ကြားရေးမှူး ဦးနေလင်း ဦးဆောင်၍ သီပေါမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင် ဦးစီးအရာရှိ ဦးစိုင်းဝင်းမြင့်ကြီးကြပ်သော ဝန်ထမ်း ၃၂ ဦးတို့က အုပ်ချုပ်မှုယာဉ်၊ အမှိုက်သိမ်းယာဉ်များဖြင့် ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိသန့်ရှင်းရေး ပြုလုပ်ကာ မြို့ဧရိယာပြင်ပသို့ သွားရောက်စွန့်ပစ်ခဲ့ကြသည်။

နမ့်ဆန်မြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် မြို့ကွက်ရိုက်နေရာချလုပ်ငန်းများအလျင်အမြန် ဆောင်ရွက်နိုင်ရန် မီးလောင်ပြင်သန့်ရှင်းရေးလုပ်ငန်းများကို တက်ညီလက်ညီဆောင်ရွက်လျက်ရှိကြရာ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

**စိုင်း(သီပေါ)**

## ဘုရင့်နောင်ပွဲရုံဝင်းနေသူများ လျှပ်စစ်မီးပြတ်တောက်မှုနည်းရန်ဆောင်ရွက်ပေးစေလို

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်သည့် ကာလများအတွက် လျှပ်စစ်မီးသုံးစွဲသူများအနေဖြင့် လူမှုရေးအခက်အခဲများဖြစ်ပေါ်လာပါက စာနာနားလည် ခွင့်လွှတ်ပေးပါရန် သက်ဆိုင်ရာမှ အသိပေးထားသည့် သတင်းများ မီဒီယာများတွင် မကြာခဏဖတ်ရှုရသည်။

ယခုလပိုင်း စတင်တွေ့ကြုံလာရသော အယ်လ်နီညိုရာသီဥတုအခြေအနေကြောင့် အပူချိန်မြင့်မားခြင်း၊ သောက်ရေ၊ သုံးရေ၊ စိုက်ပျိုးရေအခက်အခဲများရှိလာနိုင်ခြင်းများ ဖြစ်ပေါ်လာနိုင်သည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာ ရေအားလျှပ်စစ်ကဏ္ဍတွင်လည်း အခက်အခဲကြုံတွေ့ရနိုင်သည်” အများပြည်သူအနေဖြင့် လျှပ်စစ်ဓာတ်အားများကို မလိုအပ်ဘဲ သုံးစွဲခြင်းများ မပြုရန်လိုအပ်လာသည်။

ထို့အတူ အများပြည်သူသွားလာရာ နေရာများရှိ လမ်းမီးတိုင်များတွင် အလင်းရောင် လုံလောက်စွာရရှိချိန်တွင် တစ်ပြေးညီမီးငြိမ်းထားရန် လိုအပ်သည်။ သို့သော် ဖေဖော်ဝါရီ ၂၀ ရက် ရန်ကုန်မြို့တွင်းလမ်းမတော်မြို့နယ်၏ အနော်ရထာလမ်းမနှင့် ဆက်စပ်လမ်းသွယ်များတွင် အလင်းရောင်လုံလောက်စွာ ရရှိနေသာ နံနက် ၇ နာရီခွဲထိ လမ်းမီးတိုင်များတွင်မီးများ လင်းနေသည်ကို မြင်တွေ့ရသည်ဟု ယင်းလမ်းမဝန်းကျင်တွင် နေထိုင်သူများကဆိုသည်။

အနော်ထာလမ်း၏ လှည်းတန်းလမ်းသွယ်ထိမှာအနောက်ဘက်ခြမ်းတွင် နံနက် ၇ နာရီ ၁၅ မိနစ်ဝန်းကျင်၊ လှည်းတန်းလမ်းသွယ်၏ အရှေ့ဘက်ခြမ်းတွင် နံနက် ၇ နာရီ ၄၅ မိနစ်ဝန်းကျင်က လမ်းမီးတိုင်များ မီးငြိမ်းသွားသည်။ နံနက် ၆ နာရီ ဝန်းကျင်တွင် အလင်းရောင်လုံလောက်စွာရရှိပြီးဖြစ်ရာ အချိန်နာရီအားဖြင့် တစ်နာရီကျော်လမ်းမီးတိုင်များ မီးလင်းနေခြင်းဖြင့်ဓာတ်အားမလိုအပ်ဘဲသုံးစွဲနေသကဲ့သို့ဖြစ်နေသည်။

ယခုနှစ်ဆန်း နှစ်လတာအတွင်း မြန်မာပြည်အနှံ့ မီးဘေးအန္တရာယ်ကြုံတွေ့ရမှုများပြားလာသည်။ ဝါယာရှော့ခ်ကြောင့်မီးလောင်မှုဖြစ်ပွားသည်ဟု လွယ်လင့်တကူပြောဆိုသုံးစွဲလာမှုရှိသည်။ စံချိန်စံညွှန်းမမီသော လျှပ်စစ်ကိရိယာများ သုံးစွဲမှုနှင့်အတူ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများတွင် သုံးစွဲသူများအလေးထား သတိပြုမှုအားနည်းခြင်းကြောင့် ဖြစ်ရသည်ကများသည်။

ရန်ကုန်မြို့လယ်မြို့နယ်များတွင် နေအိမ်သုံး လျှပ်စစ်ဓာတ်အားခန္ဓနှုန်းဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုများပြားပြီး လျှပ်စစ်မီးများကို ပြတ်တောက်မှုနည်းစွာသုံးစွဲခွင့်ရနေသည်။ ဘုရင့်နောင်ပွဲရုံဝန်းကျင် စီးပွားရေးလုပ်ငန်းသုံး လျှပ်စစ်ဓာတ်အားခနှုန်းဖြင့် လျှပ်စစ်ဓာတ်အားခနှုန်းများ ပေးဆောင်ရသော်လည်း ရန်ကုန်မြို့လယ်ကဲ့သို့ လျှပ်စစ်သုံးစွဲရမှုတွင် အချိန်ပြည့် သုံးစွဲနိုင်မှုမရှိသေးပါ။ နေ့စဉ်နီးပါးမကြာခဏ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ကြုံတွေ့နေရဆဲဖြစ်သည်။

ဘုရင့်နောင်ပွဲရုံဝန်းဘေး ရိုးကြီးချောင်းတစ်ဖက်ကမ်း ပလတ်စတစ်စက်ရုံတွင် Level- 3 အဆင့်ရှိ မီးလောင်မှု ကြုံတွေ့ရပြီးနောက် ယခုအပတ်အတွင်းတွင် နေ့စဉ်နီးပါး လျှပ်စစ်မီးပြတ်တောက်မှု မကြာခဏကြုံတွေ့နေရဆဲဖြစ်သည်။

လျှပ်စစ်မီးမကြာခဏ ပြတ်တောက်မှု ခံစားနေရဆဲဖြစ်သော ဘုရင့်နောင်ပွဲရုံဝင်းအတွင်းလျှပ်စစ်သုံးစွဲသူ တစ်ဦး၏ပေါ့ဆမှုရှိခဲ့လျှင် မီးဘေးအန္တရာယ်ကြုံတွေ့လာရနိုင်ရာ လျှပ်စစ်သုံးစွဲမှု ပြတ်တောက်မှုမရှိဘဲ ပုံမှန်ရရှိရေးဆောင်ရွက်ပေးစေလိုသည်ဟု ပွဲရုံဝင်းနေသူများက ပြောဆိုနေကြသည်။ **(မောင်စေအောင်)**



## သယ်န်းကျွန်းမြို့နယ် စံပြဈေးရှေ့လမ်းနယ်ကျူးကျော်ဈေးသည်များအား ဖယ်ရှားရှင်းလင်း ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး လမ်းသားများတိုးချဲ့

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်သွားလမ်းများအပေါ်တွင် ပျံ့ကျဈေးသည်များ ဈေးရောင်းချနေမှုများကြောင့် ယာဉ်မတော်တဆမှုများဖြစ်ပေါ်နိုင်သကဲ့သို့ လမ်းအသုံးပြုသူ ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ပေါ်စေသဖြင့် လမ်းနယ်ကျူးကျော်ဈေးသည်များအား ဖယ်ရှားရှင်းလင်း ဆောင်ရွက်နေကြောင်း ဖေဖော်ဝါရီ ၁၈ ရက်က ရန်ကုန် အရှေ့ပိုင်းခရိုင် သယ်န်းကျွန်းမြို့နယ် စံပြဈေးအနီး သံသုမာလမ်းနှင့် လေးထောင့်ကန်လမ်းပေါ်မှ လမ်းနယ်ကျူး၍ ရောင်းဝယ်နေသော ဈေးသည်များအား ဖယ်ရှားရှင်းလင်းစည်းကမ်းထိန်းသိမ်းခြင်းလုပ်ငန်းခွင်မှ ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးတင့်လွင်က ပြောသည်။

“သယ်န်းကျွန်း စံပြဈေးလမ်းဆုံက တောင်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့ကို ဆက်သွယ်ထားတာမို့ ယာဉ်အသွားအလာ များပါတယ်။ ဒါကြောင့် ယာဉ်အန္တရာယ်မဖြစ်အောင် လမ်းနယ်ကျူးကျော်ဈေးသည်တွေကို ဖယ်ရှားရှင်းလင်း၊ စည်းကမ်းထိန်းသိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်နေတာပါ”ဟု ၎င်းက ဆက်ပြောသည်။

အဆိုပါလုပ်ငန်းကို ရန်ကုန် အရှေ့ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးတင့်လွင်၏ ကြီးကြပ်မှုဖြင့် လုံခြုံ/စီမံရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ခံနှင့်ဝန်ထမ်းများ၊ သက်ဆိုင်ရာရပ်ကွက်များမှ တာဝန်ရှိသူများ ပူးပေါင်း၍ ဖေဖော်ဝါရီ ၈ ရက်မှ စတင်ကာ လမ်းနယ်ကျူးဈေးသည်များအား ဖယ်ရှားရှင်းလင်းစည်းကမ်းထိန်းသိမ်းဆောင်ရွက်နေကြကြောင်း သိရသည်။

မျက်မှောက်ကာလတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှုမရှိစေရေး၊ ယာဉ်အန္တရာယ် ကင်းဝေးစေရေးတို့အတွက် လမ်းနယ်နိမိတ်များ တိုးချဲ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေသကဲ့သို့ လမ်းနယ်ကျူးကျော်ဈေးသည်များ ပပျောက်ရေးအတွက် စောင့်ကြည့်၊ ရပ်ကြည့်အဖွဲ့များဖြင့် ဆောင်ရွက်နေသော်လည်း လက်ရှိတွင် လမ်းနယ်ကျူးကျော်ဈေးသည်များ ဈေးရောင်းချမှုရှိနေသေးကြောင်း ဒေသခံတစ်ဦးက ဆိုသည်။

**(မောင်သုည)**

## သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာ

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲလျက်ရှိပါသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ ရောင်းချနေသည့် အလှကုန် ပစ္စည်းများကို စစ်ဆေးခဲ့ရာအောက်ဖော်ပြပါ အလှကုန်ပစ္စည်း နှစ်မျိုးသည် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်းပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သုံးစွဲရန်မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။







| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | FOREVER YOUNG Phytocelltec Alp Rose Facial Cell Boosting Mask | Seafarers South East Inter Trade Co., Ltd./ Doctor-Pharma Co., Ltd., Product of Thailand | Clobetasol propionate(+) |
| ၂။ | FOREVER YOUNG White Active Radiance 3 Triple Nourishment | Seafarers South East Inter Trade Co., Ltd./ Doctor-Pharma Co., Ltd., Product of Thailand | Clobetasol propionate(+) |

အဆိုပါအလှကုန်ပစ္စည်းကိုအများပြည်သူလူထုသုံးစွဲခြင်းမပြုကြရန်နှင့် ပြည်တွင်းဈေးကွက်တွင် တင်သွင်း၊ ဖြန့်ဖြူးရောင်းချနေမှုများကို တွေ့ရှိပါကသက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



# စာမေးပွဲရာသီနှင့်တိုက်ဆိုင်သော်လည်း အလောင်းတော်ကဿပသို့ ရပ်ဝေးရပ်နီးဘုရားဖူးအများအပြားလာရောက်နိုင်

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်မှ အလောင်းတော်ကဿပဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်ကျင်းပသည့် တပို့တွဲလပြည့်နေ့တွင် ကျင်းပမည်ဖြစ်ရာ ရန်ကုန်မှ အကျိုးတော်ဆောင်အဖွဲ့၏ စုစည်းမှုဖြင့်ဘုရားဖူးများစွာ လာရောက်ကြမည် ဖြစ်ကြောင်းသိရသည်။ ယခုကျင်းပမည့် ဘုရားပွဲတော်ရက်သည် ကျောင်းသားကျောင်းသူများ စာမေးပွဲနှင့်တိုက်ဆိုင်နေသောကြောင့် ပွဲတော်လာသူနည်းသွားဖွယ်ရှိသည်ဟု မုံရွာမြို့အခြေစိုက် အလောင်းတော်ကဿပကားလိုင်းတာဝန်ရှိသူများက မှန်းဆထားသော်လည်း နှစ်စဉ် တိုးမပေါက်အောင် စည်ကားခဲ့သောကြောင့် ယခုနှစ်တွင်လည်း ဘုရားဖူးများဖြင့် စည်ကားမည်မှာ သေချာကြောင်း နှစ်စဉ် ဘုရားပွဲရက်တွင် သွားရောက်ကုသိုလ်ပြုနေသူ မုံရွာဒေသခံတစ်ဦးထံမှ သိရသည်။

"နှစ်တိုင်းဘုရားပွဲရက်မှာ ဒေသခံရဟန်းသံဃာတော်တွေ စုပေါင်းကြွရောက်ပြီး လိုဏ်ဂူတော်အတွင်း သိမ်ဝင်သိက္ခာထပ်တာ၊ ဘုရားအနေကဇာတင်မင်္ဂလာတွေ ကျင်းပပါတယ်။ ပြီးရင် ဘုရားပွဲလာသူတွေက သံဃာတွေကိုလှူဖွယ်ဝတ္ထုပစ္စည်းတွေနဲ့ လှူဒါန်းကြပြီး မနက်ပိုင်းမှာလည်း ထမနဲဆွမ်းကပ်လှူတာတွေ၊ လာသမျှဘုရားဖူးတွေကိုလည်း ကျွေးမွေးလှူဒါန်းကြတာ နှစ်တိုင်းပါ။ ဒီရက်မှာ လိုဏ်တံခါးက ထူးခြားမှုတွေ ရှိတတ်တယ်ဆိုတာ ဘုရားဖူးတွေကသိထားတော့ အရောက်လာကြ၊ ကုသိုလ်ပြုကြတာ နှစ်တိုင်းမြင်တွေ့ရပါတယ်။ ဒီနှစ်လည်းသွားဖို့ ပြင်ဆင်နေပါပြီ" ဟု မုံရွာမြို့ခံဘုရားဖူးတစ်ဦးက ပြောသည်။

အလောင်းတော်ကဿပဘုရားပွဲရာသီကို နိုဝင်ဘာ၊ ဒီဇင်ဘာမှစ၍ ဧပြီ သင်္ကြန်အပြီးအထိ ငါးလကျင်းပလျက်ရှိရာ ဗုဒ္ဓပူဇနိယပွဲကို တပို့တွဲလပြည့်နေ့နှင့် တပေါင်းလပြည့်နေ့တို့တွင် ကျင်းပသည်။ တပို့တွဲလပြည့်နေ့တွင် ထမနဲထိုးပူဇော်ပွဲနှင့်အတူ စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ရန်ကုန်၊ မန္တလေး၊ မုံရွာနှင့် အလောင်းတော်ကဿပပိုင် ကျေးရွာများက လာရောက်လှူဒါန်းကြသလို တပေါင်းလပြည့်နေ့တွင် ယောနယ်၊ ဆောနယ်နှင့် မင်းကင်း၊ကနီဒေသမှ ဘုရားဖူးများ လာရောက်စုပေါင်းကျင်းပကြခြင်းဖြစ်သည်။ ဘုရားဖူးရာသီကုန်ခါနီး သင်္ကြန်တွင်းကာလများတွင် ကဿပဝန်းကျင်မှ ဘုရားဖူးအများစုသည် အုပ်စုဖွဲ့ကာ ခြေကျင်လာရောက်လေ့ရှိသလို အခါကြီးရက်ကြီးသက်နှ်းစီးကြသူများလည်း များပြားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# နွေရာသီ သောက်သုံးရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးဆောင်ရွက်

**ပုလဲ ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးမြင့်ဝေ၊ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးသန်းစိုးတို့နှင့်အဖွဲ့သည် နွေရာသီတွင် သောက်သုံးရေရှားပါးပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် ဖေဖော်ဝါရီ ၁၈ ရက်က ရေသာကျေးရွာ၊ ဆည်ကြီးကျေးရွာ၊ သက္ကယ်ကျင်းကျေးရွာနှင့် ငန်းချောင်းကျေးရွာတို့သို့ ကွင်းဆင်း၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ရေသာကျေးရွာ၊ ဆည်ကြီးကျေးရွာနဲ့ သက္ကယ်ကျင်းကျေးရွာတွေက မြေအောက်ရေရရှိဖို့ အခက်အခဲရှိတာကြောင့် စိမ့်စမ်းရေသွယ်စနစ်နဲ့ ရရှိတဲ့ရေကို ရေစုကန်တွေနဲ့ ထိန်းသိမ်းပြီး သောက်သုံးရေ သုံးစွဲနေရတဲ့ ကျေးရွာတွေဖြစ်ပြီး ငန်းချောင်းကျေးရွာကတော့ ချောင်းရေကို သောက်သုံးရေအဖြစ် သုံးစွဲနေရတဲ့ ကျေးရွာဖြစ်ပါတယ်။ ဒါကြောင့် ကျေးရွာသူ၊ ကျေးရွာသားတွေအနေနဲ့ နွေရာသီမှာ သောက်သုံးရေရှားပါးပြတ်လပ်မှု အခြေအနေနဲ့ သောက်သုံးရေပြတ်လပ်မှု ဖြစ်ပေါ်လာပါက ဌာနမှဆောင်ရွက်ပေးမည့် လုပ်ငန်းအစီအမံတွေကို သိရှိနိုင်ဖို့အတွက် လက်ရှိသောက်သုံးရေ ရယူသုံးစွဲလျက်ရှိတဲ့ စိမ့်စမ်းရေသွယ်တွေ၊ ရေစုကန်တွေနဲ့ ချောင်းတွေကိုကွင်းဆင်းကြည့်ရှုပြီး ရှင်းလင်းအသိပေးခြင်းဖြစ်ပါတယ်" ဟု ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးအောင်က ပြောသည်။

ပုလဲမြို့နယ်တွင် ကျေးရွာအုပ်စု ၅၉ အုပ်စု၊ ကျေးရွာပေါင်း ၁၈၈ ရွာရှိပြီး အများစုမှာ စိမ့်စမ်းရေသွယ်စနစ်မှရရှိသောရေနှင့် မြေအောက်ရေကိုသာ အဓိကထား၍ သောက်သုံးရေအဖြစ် သုံးစွဲလျက်ရှိခြင်းကြောင့် နွေရာသီတွင် သောက်သုံးရေများ ရှားပါးပြတ်လပ်မှု ဖြစ်ပေါ်လာပါက ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း ၀၇၁-၃၅၀၉၆နှင့် ၀၉၄၂၀၇၈၈၅၆၉ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဖေယျာမြေ)**

# မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားမှုစစ်ဆေး

**မူဆယ် ဖေဖော်ဝါရီ ၂၁**

ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဖေဖော်ဝါရီ ၁၉ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်း၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများသည် မူဆယ်မြို့နယ် ပန်ခမ်းအုပ်စု ပန်ခမ်းရွာနှင့် ပန်ကတ်ရွာရှိ ဂိုဒေါင်များအား သွားရောက်စစ်ဆေးသည်။

အဆိုပါကျေးရွာများရှိ ဂိုဒေါင်များတွင် သကြား၊ မြေသြဇာ၊ ဆန်၊ ပြောင်း၊ မြေဆီတို့ သိုလှောင်ထားသည်ကို တွေ့ရှိရပြီး သက်ဆိုင်ရာဌာနဆိုင်ရာများက ဂိုဒေါင်ဆောက်လုပ်ခွင့်၊ ကုန်ပစ္စည်းတင်သွင်းခွင့်၊ သိုလှောင်ခွင့်၊ ဖြန့်ဖြူးခွင့်လိုင်စင်များနှင့် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို စစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ဆရာမောင်(မူဆယ်)**

# မြန်မာ့လက်မှုပညာစစ်စစ် ပုသိမ်ထီးလုပ်ငန်းပျောက်ကွယ်တော့မှာလား



**ပုသိမ် ဖေဖော်ဝါရီ ၂၁**

ပုသိမ်မောင်စိမ်းသူ ရေးသားစပ်ဆိုသည့် "ကျွန်တော့်မမပုသိမ်သူ" သီချင်းထဲက "ပုသိမ်ထီးလေးဆောင်းကာ ရုံးသွား၊ ရုံးပြန်ယဉ်တယ်တမူ ပုသိမ်ထိပ်ထား အလှဘွဲ့ကိုပေးသူ" ဆိုသည့်အတိုင်း ပုသိမ်ထီးကားမြန်မာ့ကျက်သရေဆောင် လက်မှုအနုပညာစစ်စစ်ဖြစ်သည်။ ပုသိမ်သူနှင့် ပုသိမ်ထီးကား ခွဲခြား၍မရ။

ပုသိမ်ထီးကိုဝါးဖြင့် ပြုလုပ်ထားသည်။ သံချောင်းမပါဘဲ လက်ကိုင်ရိုး၊ ထီးရိုး၊ ဘူးဆက်၊ ထီးခေါင်း၊ ထီးလက်များမှာ ဝါးချည်းသက်သက်ဖြစ်သည်။ ပိတ်ရဖွင့်ရ လွယ်ကူအောင်လည်း ဝါးခလုတ်ဖြင့် အဖွင့်၊အပိတ်လုပ်ထားသည်။ ပုသိမ်ထီးတစ်ချောင်းလုံးကို သရက္ခဝါးဖြင့် ပြုလုပ်ထားသည်။

ပုသိမ်ထီးကို ကုန်းဘောင်ခေတ်ကတည်းက စတင်ပြုလုပ်ခဲ့ပြီး မန္တလေး ကုန်းဘောင်ခေတ်တွင် ထီးသုံးနန်းသုံး အိမ်တော်ရာထီးများ အသုံးပြုခဲ့ကြသည်။ အိမ်တော်ရာထီးမှာလည်း အရွက်မှအပ လက်မှုပညာဖြင့် ဝါးချည်းသက်သက် ပြုလုပ်ထားသောထီးဖြစ်သည်။

၁၂၄၇ ခုနှစ် သီပေါမင်းပါတော်မူပြီးနောက် မန္တလေးအိမ်တော်ရာထီးလုပ်သူ မျိုးရိုးများသည် မန္တလေးမှ ပုသိမ်မြို့သို့ပြောင်းရွှေ့ပြီး မိရိုးဖလာ ထီးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခဲ့ကြသည်။ ပုသိမ်မြို့မှာလုပ်သည့်အတွက် ပုသိမ်ထီးအဖြစ် ခံယူလုပ်ကိုင်ခဲ့ကြသည်။

ကိုလိုနီခေတ်က ပုသိမ်မြို့သည် သင်္ဘောဆိပ်ကမ်းမြို့ဖြစ်သည်။ မီးရထားလမ်းရှိသော်လည်း ရေကြောင်းလမ်းက ဖွံ့ဖြိုးတိုးတက်နေသည်။ ပုသိမ်ဆိပ်ကမ်းတွင် နိုင်ငံခြားဆန်တင်သင်္ဘောကြီးများ၊ ရေတပ်သင်္ဘောကြီးများ၊ အနယ်နယ်အရပ်ရပ်မှ လာသော ခရီးသည်တင်သင်္ဘောများ၊ နိုင်ငံခြားသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်ရာ သင်္ဘောဆိပ်မြို့ဖြစ်သဖြင့် အထူးစည်ကားလှသည်။ ပုသိမ်ရောက်လျှင် မြန်မာ့ရိုးရာပုသိမ်ထီးကို အမှတ်တရ ဝယ်ယူကြသည်။ ပုသိမ်မြို့ ကျက်သရေဆောင် ပုသိမ်ထီးသည် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် မျက်နှာပန်းလှခဲ့သည်။

ထီးကို အရွယ်အစားအမျိုးမျိုး မင်းသုံးထီး၊ ဂါးဒင်းပိုးထီး၊ ဆရာတော်ဆောင်းထီး၊ သုံးရာသီဆောင်းထီး၊ သီလရှင်ဆောင်းထီး၊ သခင်ထီး၊ ဒို့မြန်မာထီး၊ အမျိုးသားဆောင်းထီး၊ အိမ်တော်ရာထီး၊ အမျိုးသမီးဆောင်းထီး၊ လူလတ်ဆောင်းထီး၊ ကလေးဆောင်းထီး၊ စားပွဲတင်ထီး၊ ဖန်စီထီးနှင့် ဟိုတယ်ထီးဟူ၍ အရွယ်အမျိုးမျိုး ထုတ်လုပ်ခဲ့ကြသည်။

ထီးရွက်ကိုလည်း ပိုး၊ ဖဲ၊ ကတ္တီပါ၊ မိုးရေခံထီး၊ အလှဆောင်းထီး၊ မှိုင်းခံထီး၊ ဖယောင်းပန်းထီး၊ အနားတွန့်ထီး၊ ခရုပတ်ထီးများကို ထီးရေးပန်းချီဆရာများ၏ လက်စွမ်းဖြင့် ထီးရောင်လှလှလေးပေါ်တွင် ပန်းပွင့်များဖြင့် ရေးချယ်ထားသည်မှာ အနုပညာမြောက်လှပေသည်။

ကိုလိုနီခေတ် ပုသိမ်ထီးခေတ်စားနေချိန်တွင် ၁၉၄၀ ခုနှစ်က ရန်ကုန်မြို့ ဂျူဗလီဟောရုံကြီးတွင် လက်မှုပညာပြပွဲအဖြစ် ပုသိမ်ထီးပုံစံအမျိုးမျိုးကို ဝင်ရောက်ယှဉ်ပြိုင်စေခဲ့သည်။ ရန်ကုန်မြို့ ဂျူဗလီဟောရုံကြီးတွင် မြန်မာ့လက်မှုပညာထီးပြပွဲကြီးကို ပုသိမ်မြို့မှ ထီးဆရာကြီး ဦးဘတင်-ဒေါ်အေးတင်နှင့်သား ကိုအုန်းစိန်တို့၏ ဗန္ဒုလထီးလုပ်ငန်းမှ မင်းသုံးထီးကြီး၊ ဇာတ်ကြီးဆယ်ဘွဲ့ရုပ်စုံပန်းချီပါထီးကြီး၊ စန္ဒိုဝိုက်နှင့် လူပုကလေးပါ ရုပ်စုံပန်းချီပါထီးကြီး၊ မြန်မာ့စေတီ ပုထိုးပါသော ပန်းချီပါထီးကြီး၊ လယ်သမားများ ကောက်စိုက်၊ ကောက်ရိတ်၊ စပါးလှေ၊ စပါးထောင်း၊ ဆန်ပြာပန်းချီထီးကြီး၊ အလှဆောင်းထီး အနားအမိတ်နှင့် လက်ကိုင်ငွေရိုး၊ ထီးပန်းဆုံ၌ ငွေချည်၊ ရွှေချည်ထိုးထီးကြီး၊ ပြည်ထောင်စုတိုင်းရင်းသားရုပ်စုံပါထီးကြီး၊ အနားတွန့်ထီးကြီး၊ သစ်တုံးများကို ဆင်ဆွဲနေသော ရုပ်စုံထီးကြီးနှင့် ပုသိမ်ရှူခင်းပါထီးများကို ရွှေတံဆိပ်အဖြစ် ဆုချ၍ ဆုများကို ဘုရင်ကတော် လေဒီကော့ကရိမ်းကိုယ်တိုင် ရွှေတံဆိပ်ဆုချီးမြှင့်ခဲ့ရသော လက်မှုပညာ ပုသိမ်ထီးဖြစ်သည်။ ရွှေတံဆိပ်ဆုရ ဗန္ဒုလဦးတင်၏ မျိုးဆက်သစ်များက မိရိုးဖလာထီးလုပ်ငန်းကို ပုသိမ်မြို့ အမှတ်(၃၀) ကုန်သည်လမ်းတွင် ဆက်လက်လုပ်ကိုင်နေကြသည်။

ရွှေတံဆိပ်ဆုရ ဦးတင်၏ ဗန္ဒုလထီးလုပ်ငန်းသည် ပြည်တွင်းသာမက ပြည်ပနိုင်ငံများဖြစ်သော အိန္ဒိယ၊ ဂျပန်၊ ထိုင်းနှင့် တရုတ်နိုင်ငံများအထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

ယခုအခါ ပုသိမ်ထီးလုပ်ငန်းများတွင်ကျယ်လာကာ ကမ်းခြေသုံးထီးအထိ လုပ်ကိုင်လာရသည်။ ကမ်းခြေသုံးထီးရွက်မှာ (၄၊ ၆၊ ၈၊ ၁၀)ပေမှ ၁၅ ပေအထိ လုပ်ကိုင်နေရသည်။ ကမ်းခြေသုံးထီးကြီး တစ်လက်မှာ ကျပ် ၂၀၀၀၀ မှ ၁၀၀၀၀၀ အထိဈေးရနေသည်။ ကမ်းခြေသုံးထီးများကို ပြည်တွင်း၌သာမက ပြည်ပဈေးကွက်အထိ တင်ပို့နေရသည်။ ကမ်းခြေသုံးထီးများကို ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ နယူးဇီလန်၊ ဆွစ်ဇာလန်၊ ဥရုဂွေးနှင့် သြစတြေးလျအထိ တင်ပို့ရောင်းချနေရသည်။

ပုသိမ်ထီးလုပ်ငန်းကို စီးပွားရေးဈေးကွက်အဖြစ် ဗန္ဒုလ၊ ရွှေတာ၊ နေနတ်သား၊ သုံးရာသီထီးလုပ်ငန်းများက ထုတ်လုပ်ရောင်းချနေကြသည်။

ပုသိမ်ထီးလုပ်ငန်း၏ အဓိကကုန်ကြမ်းဖြစ်သော သရက္ခဝါးမှာ ရှားပါးလာသည်။ ယခင်က သရက္ခဝါးတစ်လုံး ကျပ် ၂၀၀-၃၀၀ သာပေးရသော်လည်း ယခုအခါ သရက္ခဝါးတစ်လုံးကို ကျပ် ၃၀၀၀ ဈေးအထိ ပေးဝယ်နေရသည်။ အဓိက ဝါးရှားပါးလာခြင်းဖြစ်သည်။ ဝါးတောများကို ပုဂ္ဂလိကလုပ်ငန်းရှင်များက ဝယ်ယူ၍ ရော်ဘာခြံများ ပြုလုပ်လာခြင်း၊ သာပေါင်းပျော့ဖတ်စက်ရုံမှ ဝါးများကို ကုန်ကြမ်းအဖြစ် ဝယ်ယူနေခြင်းကြောင့် ဝါးတောများပျောက်ကွယ်ကာ ဝါးရှားပါးလာခြင်း ဖြစ်သည်။

ဤကဲ့သို့ ဝါးရှားပါးလာခြင်းကြောင့် မြန်မာ့လက်မှုပညာဖြစ်သာ ပုသိမ်ထီးလုပ်ငန်းမှာ ဈေးနှုန်းကြီးမြင့်ပြီး မကြာမီကာလအတွင်း ပျောက်ကွယ်သွားမည့် အလားအလာရှိသည့်အတွက် ထီးလုပ်ငန်းရှင်များက စိုးရိမ်ပူပန်နေကြသည်။ မြန်မာ့လက်မှုထီးပညာ မပျောက်ကွယ်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ထီးလုပ်ငန်းရှင်များအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးရန် လိုလားနေကြသည်။ ထို့အပြင် အစိုးရက ထီးလုပ်ငန်းရှင်များအတွက် ဝါးတောလုပ်ကိုင်ရန် မြေနေရာချပေးမည့် အစီအစဉ်ကိုလည်း အမြန်ဆုံး အကောင်အထည်ဖော်ပေးရန် လိုလားလျက်ရှိသည်။

ဤကဲ့သို့ ပုသိမ်ထီးလုပ်ငန်း၏ အဓိကကုန်ကြမ်းဖြစ်သော သရက္ခဝါးဆက်လက်ရှားပါးလာပါက မြန်မာ့လက်မှုပညာထီးလုပ်ငန်းမှာ ပျောက်ကွယ်သွားတော့မည့်အပြင် ထီးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော ထီးလုပ်သားများ၏စားဝတ်နေရေးအတွက်လည်း အခက်အခဲရှိနိုင်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

**တင်လှိုင်(မိတ္ထီလာ)**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၂ - ၂ -၂၀၁၆ (တနင်္လာနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ ပြည်သူတို့ရဲ့စကားသံများ
၈း၃၅ မြန်မာ့အသိုက်အဝန်းထဲမှအမျိုးသမီးများ
၉း၃၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၉း၅၀ "လာနီညာ"
၁၀း၃၅ အနုပညာသတင်းအစီအစဉ်
၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ်
၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၈၈)
၁း၂၀ Tasty Trip (တောင်တန်းမြင့်ပေါ်ကနှစ်သစ်ကူးပွဲ၊ နာဂတောင်တန်းခရီးစဉ်)
၁း၅၀ ဂီတတံခါးလေးဖွင့်ပါဦး
၂း၃၅ "ပန်းရည်ဘဏ်တိုက်၏ မူပိုင်ရှင်ကန်မြဲအေးကျော်"
၃း၁၅ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုဘာသာရပ်ဆိုင်ရာများ (မြန်မာစာ)
၄း၃၅ အဝေးသင်တက္ကသိုလ်ပညာပေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(စိတ်ပညာအထူးပြု) စိတ်ပညာ
၅း၃၅ လူမှုစီးပွားမြင်ကွင်းများ
၆း၃၅ Yes or No Talk Show (Love Marriage or Arranged Marriage) (Part-2)
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်"(အပိုင်း-၈)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း
-နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၈၉)
-လောကနီတိ "ရေမြင့်သည်ကြာပဒုမ္မာသို့"

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-အလင်္ကာဝတ်ရည်မြန်မာမှုတေးဂီတအဖွဲ့ဖျော်ဖြေခန်း (အပိုင်း-၂၇)
၆း၂၀ ပြည်သူ့နီတိ"ဘယ်သူမှန်သလဲ"
၆း၅၀ ဝတ်စားဆင်ယင်မှုပြပွဲ(တေးဂီတ)
၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၆၇)
၇း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း-၁၃)
၈း၃၅ တေးဂီတအစီအစဉ်
၈း၅၀ "မြပုဏ္ဏမာအငြိမ့်" (မင်းသမီး-ဝင့်သီဂီ၊ ဝင်းသပြေထွန်း၊ လူရွှင်တော်-ဇာဂနာ၊ အရိုင်း၊ ဖိုးဖြူ၊ ကင်းကောင်၊ ငှက်ပျောကြော်၊ ဂေါ်ဇီလာ)
၁၀း၀၅ မြန်မာဗီဒီယိုဇာတ်လမ်း "အလိမ္မာတုံးကြီး " (ဖြိုးငွေစိုး၊ ရွှေမှုံရတီ) (ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်))
၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

## MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ရတနသုတ်
၅း၄၀ "မြင့် မြတ် သူ ဟာ သု မေဓါ" တရားတော် (ဆရာတော် ဘဒ္ဒန္တကုမုဒ (ကျောင်းအုပ် ဆရာတော်) သံဃာတက္ကသိုလ်
၇း၅၀ မအူပင်စက်မှုလက်မှုသိပ္ပံ (၂၅) နှစ်ပြည့်နှင့် GTI, GTC, TU ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနား
၈း၀၀ "မင်္ဂလာပါ"The Morning Show
၁၁း၁၅ သွားမယ်စားမယ် (The Taj)
၁၁း၄၀ Forever Music Tribute Myo Kyaut Myine Virus 3 64 Bit (အပိုင်း-၃) (ပထမပိုင်း)
၁၂း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်"(အပိုင်း-၁၇)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းနှစ်မွှာ" (အပိုင်း-၂၄)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၁၀)
၄း၀၅ Cartoon Series (Welcome To Sky Ville)
၅း၄၅ နွေးထွေးသောကမ်းလက်များ ပရဟိတအဖွဲ့မှ လူမှုဝန်ထမ်းကျောင်းရှိကလေးများကို အိပ်မက်ဆုံရာရာသက်ပန် Grand Final ပွဲသို့ ခေါ်ဆောင်ပြသခွင့်
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၁၁)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမွှာ" (အပိုင်း-၂၅)
၈း၁၅ Drive It
၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၃၀)
၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်"(အပိုင်း-၁၈)
၁၀း၄၅ World Of Knowledge (Wild Case Files Texas Monster Web)

## mitv

07:27 Mosaic Painting (Precious Stones & Gems)
07:42 A Lucky Boy
08:26 The Man and The Elephant (Part- I)
08:42 The Man and The Elephant (Part- II)
09:26 Myanmar Traditional Instruments - Myanma Harp (Episode-2)
09:51 Distinguished Myanmar Ladies "Tin Moe Lwin"
10:27 Myanmar's Beauty and Nature" Beach
10:52 Graffiti: Portraiture07:27 " Food Trip (EP-2)
08:03 News
08:26 Taste Of Myanmar (Mandalay Noodle Salad)
08:44 Fantastic Orchid Garden From The Flower City
08:54 Orphanage



### တေလာဆွစ်ရဲ့ 1989 တွင် ပါဝင်မည့် "New Romantics"

ပြီးခဲ့တဲ့ ဂရမ်မီဆုပေးပွဲကြီးမှာ ဆုသုံးဆုသိမ်းပိုက်နိုင်ခဲ့တဲ့ ပေါ့ပ်အဆိုတော်တေလာဆွစ်က သူ့ရဲ့ "1989" တေးအယ်လ်ဘမ်မှာ ပါဝင်မယ့် ခုနစ်ပုဒ်မြောက် တေးသီချင်းဟာ "New Romantics" ဖြစ်ကြောင်း ပြီးခဲ့တဲ့ သောကြာနေ့က သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်တဲ့ တွစ်တာကနေတစ်ဆင့် အတည်ပြုပြောကြားခဲ့ပါတယ်။ ယင်း "1989" တေးအယ်လ်ဘမ်ဟာ ယခုနှစ် ဂရမ်မီဆုပေးပွဲကြီးမှာ တစ်နှစ်တာရဲ့ အကောင်းဆုံးသော တေးအယ်လ်ဘမ်ဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။

၂၀၁၄ ခုနှစ်က စတင်အသံသွင်းခဲ့တဲ့ ယင်းတေးအယ်လ်ဘမ်မှာ ပါဝင်မယ့် တေးသီချင်းခြောက်ပုဒ်ကတော့ "Shake It Off "၊ "Blank Space "၊ "Style"၊ "Bad Blood"၊ "Wildest Dreams" နဲ့ "Out of the Woods" တို့ပဲ ဖြစ်ကြပါတယ်။

အဆိုပါတေးသီချင်း "New Romantics"ကို တေလာဆွစ် ကိုယ်တိုင်ရေးစပ်ထားပြီး ယင်းတေးသီချင်းမှာ သူ့ကိုမုန်းကြတဲ့ လူတွေအကြောင်း စပ်ဆိုထားကြောင်း သိရပါတယ်။

တေလာဆွစ်ဟာ ၂၀၁၆ ဂရမ်မီဆုပေးပွဲကြီးမှာ တစ်နှစ်တာရဲ့ အကောင်းဆုံးတေးအယ်လ်ဘမ်ဆု၊ အကောင်းဆုံးတေး ဗီဒီယိုဆုနဲ့ အကောင်းဆုံးပေါ့ပ် တေးအယ်လ်ဘမ်ဆု စုစုပေါင်းဂရမ်မီဆုသုံးဆုကို သိမ်းပိုက်နိုင်ခဲ့ပါတယ်။

## အသက်(၅၀)ပြည့်သွားပြီဖြစ်တဲ့စင်ဒီကရောဖော့ဒ်



အသက်အရွယ်ကို အံတုနိုင်တဲ့အလှတရားကို ပိုင်ဆိုင်ထားတဲ့သူရယ်လို့ သတ်မှတ်ခံထားရတဲ့ ဟောလိဝုဒ်ရဲ့ နာမည်ကျော်မော်ဒယ်လ်တစ်ဦးဖြစ်တဲ့ စင်ဒီကရောဖော့ဒ်ဟာ ဖေဖော်ဝါရီ ၂၀ ရက်က အသက် (၅၀)ပြည့်ခဲ့ပြီဖြစ်ပါတယ်။ သူ့ရဲ့အနှစ်သုံးဆယ်ကြာမော်ဒယ်လောကမှာ ထိပ်တန်းက ရပ်တည်နိုင်ခဲ့မှုတွေက သူ့ကို ရုပ်သံဇာတ်လမ်းတွဲတွေနဲ့ အစီအစဉ်တွေမှာ ပါဝင်သရုပ်ဆောင်ခွင့်ရစေခဲ့ပြီး ဟောလိဝုဒ်ရဲ့သရုပ်ဆောင်တစ်ဦးအဖြစ်ပါ ထင်ရှားစေခဲ့ပါတယ်။

ယခုလို အသက် (၅၀)ပြည့်ခဲ့ပြီဖြစ်တဲ့ စင်ဒီကရောဖော့ဒ်ရဲ့ မွေးနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ အီးအွန်လိုင်းဒေါ့ကွန်းက အင်တာဗျူးတွေမှာ သူပြောကြားခဲ့တဲ့ စကားတွေထဲက ကောင်းနိုးရာရာလေးတွေကို ထုတ်နုတ်ဖော်ပြခဲ့ပါတယ်။

### အကောင်းမြင်စိတ်

"ကျွန်မရဲ့ခန္ဓာကိုယ်ကို တကယ်ပဲ နှစ်သက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မပိုင်ဆိုင်ထားတဲ့ခန္ဓာကိုယ်ဟာ ကျွန်မကိုအနုပညာလုပ်ငန်းတွေ လုပ်ခွင့်ရစေခဲ့တဲ့ အရာဖြစ်နေလို့ပါ။ ဒီနေ့ထက်စာရင် ကျွန်မအသက် ၂၂၊ ၂၃ နှစ်လောက်က ခန္ဓာကိုယ်က ပိုကြည့်ကောင်းခဲ့ပေမယ့် အဲဒီအချိန်တွေကို ကျွန်မမနှစ်သက်ဘူး။ အဲဒီအချိန်တွေတုန်းက ကျွန်မရဲ့ခန္ဓာကိုယ်အလှကို အခြားသူတွေရဲ့ လှပမှုနဲ့ လိုက်နှိုင်းယှဉ်ရင်း အလုပ်များနေခဲ့ရလို့ပါပဲ"လို့ စင်ဒီက ၂၀၀၇ခုနှစ်အတွင်းက ဒေးလီးမေးလ်သတင်းစာကို ပြောကြားခဲ့ပါတယ်။

### အလှအပအတွက် လျှို့ဝှက်ချက်

"အလှအပနဲ့ပတ်သက်လို့ ကျွန်မရဲ့လျှို့ဝှက်ချက်ကတော့ လျှို့ဝှက်ချက်မရှိတာပါပဲ။ ကျွန်မအတွက်ကတော့ ကျွန်မတို့အားလုံးသိပြီးဖြစ်တဲ့ ဆေးလိပ်မသောက်ခြင်း၊ အိပ်ရေးဝဝအိပ်ခြင်း၊ ရေလုံလုံလောက်လောက်သောက်ခြင်း၊ စိတ်ပျော်ရွှင်စရာများကို ရှာဖွေခြင်းစတဲ့ အရာတွေကိုသာ လုပ်ဆောင်ပါတယ်" လို့ ၂၀၁၄ ခုနှစ်အတွင်းက THE VIOLET FILES ကို ပြောကြားခဲ့ပါတယ်။

### အသက်အရွယ်နဲ့ပတ်သက်တဲ့ ပျော်ရွှင်မှုအစစ်

"အသက်အရွယ်ရလာတဲ့အပေါ်မှာ ရိုးရိုးသားသားပြောရရင်ကိုယ့်ကိုယ်ကိုယ်နဲ့ ပတ်သက်လာရင် လက်ခံဖို့အခက်ခဲဆုံးလို့ ထင်ပါတယ်။ မိခင်တစ်ယောက်အနေနဲ့ ကလေးတွေ အရွယ်ရောက်လာပြီး သူတို့ဖြစ်ချင်တဲ့ ဆန္ဒတွေ ဖြစ်ခွင့်ရလာတာကိုကြည့်ပြီး ပျော်ရွှင်မိတယ်။ ဒီလိုပဲ ကိုယ့်ကိုယ်ကိုယ်ကိုလဲ ကလေးတွေအပေါ်ကြည့်တဲ့ အမြင်မျိုးနဲ့ ပြန်ကြည့်တဲ့အခါ အသက်ကြီးလာတာကို ပိုလက်ခံနိုင်လာတယ်"လို့ FABLife ကို ပြောကြားခဲ့ပါတယ်။

### လိုက်ပါစီးနင်းရတာကို ကြိုက်ပါ

"ဘဝဆိုတာ လျင်မြန်စွာ သွားနေတဲ့ အရာတစ်ခုနဲ့တူပါတယ်။ ကျွန်မဘဝမှာ အခုလိုအောင်မြင်တဲ့နေရာကို ရောက်လာတာဟာ ကိစ္စတစ်ခုအပေါ်မှာ ကြောက်ရွံ့တဲ့စိတ်ထက် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိရှိ ဆုံးဖြတ်ချက်ချကာ လုပ်ဆောင်ခဲ့တာကြောင့် ဖြစ်တယ်ဆိုတာ သိရှိနားလည်လာခဲ့ရပါတယ်"လို့ ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ထွက်ရှိခဲ့တဲ့ သူ့ရဲ့စာအုပ် Becoming မှာ ရေးသားဖော်ပြခဲ့ပါတယ်။

## စတုတ္ထမြောက်ရင်သွေးလိုချင်ကြောင်း ဆောင်းအီဂွတ်ခ်ဖွင့်ဟ

မြန်မာပရိသတ်များအနေဖြင့် "ဂျူမုံ"ဟု မှတ်မှတ်ရရရှိနေခဲ့သော တောင်ကိုရီးယားထိပ်တန်းမင်းသားတစ်ဦးဖြစ်တဲ့ ဆောင်းအီဂွတ်ခ်က လတ်တလောမှာ အမွှာပူးရင်သွေးလေးတွေဖြစ်ကြတဲ့ သားလေးသုံးဦးကို ပိုင်ဆိုင်ထားခဲ့ပြီး ဖြစ်ပါတယ်။ ချစ်စရာအလွန်ကောင်းတဲ့ သုံးမွှာပူးသားလေးတွေဟာ တောင်ကိုရီးယားမှာ ဖခင်လိုပဲကျော်ကြားတဲ့ ကြွယ်ပွင့်လေးတွေ ဖြစ်နေကြပါပြီ။ သူတို့တွေဟာ ရုပ်သံအစီအစဉ်တွေမှာလည်း ပါဝင်ရိုက်ကူးလျက်ရှိပါတယ်။ အဲဒီထဲကမှ လူကြိုက်အများဆုံးဖြစ်တဲ့ အစီအစဉ်တစ်ခုကတော့ "Superman Is Back"ပဲ ဖြစ်ပါတယ်။

ချစ်စရာသုံးမွှာပူးလေးကို ပိုင်ဆိုင်ထားပြီးဖြစ်တဲ့ ဆောင်းအီဂွတ်ခ်က နှစ်သစ်ကူးအထူး ရုပ်သံအစီအစဉ်တစ်ခုမှာတော့ သူ့အနေနဲ့ နောက်ထပ်ရင်သွေးလေးလိုချင်ကြောင်း ဖွင့်ဟခဲ့ပါတယ်။ ဒါပေမယ့် သူ့ရဲ့ဆန္ဒက ပြည့်ဝမှာ မဟုတ်ကြောင်းလည်း မင်းသားက ပြောကြားခဲ့ပါတယ်။



အကြောင်းကတော့ သူ့ရဲ့ဇနီးဖြစ်သူက နောက်ထပ်ရင်သွေးလေးတွေ ထပ်မံမွေးဖွားပေးဖို့ ဆန္ဒမရှိတာကြောင့် ဖြစ်ပါတယ်လို့ ကေဒရမ်မာစတားစ်ဒေါ့ကွန်းမှာ ဖော်ပြခဲ့ပါတယ်။

လတ်တလောမှာ ဆောင်းအီဂွတ်ခ်ဟာ ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းတွေနဲ့ အလုပ်များနေခဲ့ပါတယ်။ သူ့ရဲ့မကြာသေးမီက ရိုက်ကူးပြီးစီးသွားခဲ့တဲ့ ရုပ်ရှင်သစ် "Tattoo"ကို ပြီးခဲ့တဲ့ ၂၀၁၅ ဒီဇင်ဘာ ၁၀ ရက်က တောင်ကိုရီးယားမှာ ရုံတင်ပြသခဲ့ပါတယ်။ ယင်းရုပ်ရှင်မှာတော့ ဆောင်းအီဂွတ်ခ်ကို ယခင်သရုပ်ဆောင်ခဲ့တဲ့ ဇာတ်ကောင်တွေနဲ့မတူဘဲ ရက်စက်တဲ့ ကွင်းဆက်လူသတ်သမား တစ်ဦးအဖြစ် တွေ့မြင်ကြရမှာပါ။ လတ်တလောမှာလည်း ရာဇဝင်ရုပ်ရှင်တွေနဲ့ နာမည်ကျော်တစ်ဦးဖြစ်လာတဲ့ ဆောင်းအီဂွတ်ခ်ရဲ့ နန်းတွင်းဒရမ်မာရုပ်ရှင်သစ် "Jang Young Sil"ကို ရုံတင်ပြသလျက်ရှိပါတယ်။ ယင်းရုပ်ရှင်မှာ မင်းသားဟာ ကျေးကျွန်တစ်ဦးဘဝမှ ဂျိုဆွန်းအင်ပါယာကြီးရဲ့ ကျော်ကြားတဲ့ တီထွင်ဖန်တီးသူဖြစ်လာခဲ့တဲ့ ပညာရှင်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**




## အာဆင်နယ်နှင့် သရေကျခဲ့ပြီးနောက် ပြန်ကန်ပွဲမကစားလိုကြောင်း စတိဗ်ဘရုစ်ပြောကြား

ပရီမီယာလိဂ်ကလပ်အသင်း နှစ်သင်း ထိပ်တိုက်ဆုံတွေ့သည့် ပွဲစဉ်နှစ်ပွဲဖြစ်သည့် အက်ဖ်အေဖလားပွဲစဉ်တွင် အာဆင်နယ်အသင်းနှင့် ဟားစီးတီးအသင်းတို့သည် ဂိုးမရှိသရေရလဒ်ဖြင့်သာ ပွဲပြီးဆုံးခဲ့ပြီး ပြန်ကန်ပွဲကစားရန် ဆန္ဒမရှိခဲ့ကြောင်း ဟားစီးတီးအသင်းနည်းပြ စတိဗ်ဘရုစ်က ထုတ်ဖော်ပြောကြားလိုက်သည်။

ဖေဖော်ဝါရီ ၂၀ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် အာဆင်နယ်အသင်းနှင့် ဟားစီးတီးအသင်းတို့၏ အက်ဖ်အေဖလားပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်ဖြင့်သာ ပွဲပြီးဆုံးခဲ့ပြီး ယင်းပွဲစဉ်တွင် အာဆင်နယ်အသင်း၏ ထိုးဖောက်မှု အကြိမ်ကြိမ်ကို ဟားစီးတီးဂိုးသမား အကောင်းဆုံးကာကွယ်နိုင်ခဲ့သည်။

နည်းပြစတိဗ်ဘရုစ်၏ ဟားစီးတီးအသင်းသည် ပြီးခဲ့သည့်နှစ်က ပရီမီယာလိဂ်မှ တန်းဆင်းသွားခဲ့ရသော်လည်း ယခုနှစ်ချန်ပီယံရှစ်တွင် အမှတ်ပေးဇယား၏ ထိပ်ဆုံးတွင် ရပ်တည်ထားနိုင်ခဲ့သည့် အသင်းဖြစ်သည်။ ထို့ကြောင့် ဟားစီးတီးအသင်းအား ပရီမီယာလိဂ်သို့ တက်လှမ်းနိုင်ရေးအတွက် အထောက်အပံ့များစွာ ပြုလုပ်ရန် ငွေကြေးရှာဖွေမှုများ ပြုလုပ်လျက်ရှိကြောင်းလည်း သိရသည်။

အာဆင်နယ်အသင်းနှင့် ဟားစီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖ်အေဖလားပွဲစဉ်တွင် အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးအတွက် အက်ဖ်အေဖလားပွဲစဉ် (၁၀၀)ပြည့်မြောက်သည့် ပွဲစဉ်အား ကိုင်တွယ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါပွဲစဉ်တွင် အနိုင်ရရှိရန် အာစင်ဝင်းဂါးက မျှော်လင့်ထားသည်။ သို့ရာတွင် အာစင်ဝင်းဂါးအတွက် မျှော်လင့်ချက် ကင်းမဲ့ခဲ့ရသည်။

### ဘောလုံးလောက သတင်းတိုများ

- ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်း၏ အသင်းခေါင်းဆောင် ဂျွန်တယ်ရီအား လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် တရုတ်ကလပ်အသင်းများက ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိကြောင်း အင်္ဂလန်အသင်းနည်းပြဟောင်းဖြစ်သူ အဲရစ်ဆင်က ပြောကြားခဲ့သည်။
- မန်ယူအသင်းသည် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းမှ ဥရုဂွေးတိုက်စစ်မှူး ကာဗာနီအား ခေါ်ယူရန်ဆန္ဒရှိနေပြီး ကာဗာနီအား ပြောင်းရွှေ့ကြေးပေါင် သန်း ၄၀ ဖြင့် ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။
- စပါးအသင်းနည်းပြ ပိုချက်တီနိုအား မန်ယူအသင်းနှင့် ချယ်လ်ဆီးအသင်းတို့က နည်းပြအဖြစ်ခေါ်ယူရန် ပြင်ဆင်လျက်ရှိသော်လည်း စပါးအသင်းအနေဖြင့် နည်းပြပိုချက်တီနိုကို စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုသွားမည်ဖြစ်ကြောင်းသိရသည်။
- ဘာစီလိုနာအသင်းမှ ဘရာဇီးတိုက်စစ်မှူး နေမာသည် လာမည့်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ကလပ်အသင်းများအနက်မှ မန်ယူအသင်းနည်းပြအဖြစ် မော်ရင်ဟို၊ မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာစသည်ဖြင့် မြင်တွေ့ရလိမ့်မည်ဟု ဆိုသည်။
- ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းမှ ဂါဘွန်တိုက်စစ်မှူး အော့ဘာမေယန်သည် ၎င်းငယ်စဉ်ကတည်းက အိပ်မက်မက်ခဲ့သည်မှာ ဘောလုံးသမားဘဝတွင် ရီးယဲလ်မက်ဒရစ်အသင်း၌ကစားရန်ဆန္ဒရှိခဲ့ကြောင်း ပြောကြားခဲ့သည်။
- ချယ်လ်ဆီးကစားသမားများအနေဖြင့် လက်ရှိနည်းပြ ဟစ်ဒင့်အား ချယ်လ်ဆီးနည်းပြအဖြစ် ဆက်လက်တာဝန်ယူစေရန် အထောက်အပံ့ပေးသင့်ကြောင်း ကွင်းလယ်ကစားသမား အော်စကာက ပြောကြားခဲ့သည်။

## အက်ဖ်အေဖလားပြိုင်ပွဲရှုံးနိမ့်ခဲ့ပါက ဗန်ဟားလ်အား မန်ယူထုတ်ပယ်မည်



မန်ယူအသင်းသည် လက်ရှိနည်းပြအဖြစ် ခန့်အပ်ထားခဲ့သည့် ဗန်ဟားလ်အား ယူရိုပါလိဂ်ပွဲစဉ်အပြီးတွင် ထုတ်ပယ်ရန်စီစဉ်ထားခဲ့သော်လည်း ဖေဖော်ဝါရီ ၂၂ ရက်တွင် ယှဉ်ပြိုင်ကစားမည့် အက်ဖ်အေဖလားပွဲစဉ်တွင် ထပ်မံရှုံးနိမ့်ခဲ့ပါက ထုတ်ပယ်တော့မည်ဖြစ်ကြောင်းသိရသည်။

ယူရိုပါလိဂ် ၃၂ သင်းအဆင့်ပြိုင်ပွဲဖြစ်သည့် မန်ယူအသင်းနှင့် မစ်ဂျဲလန်းအသင်းတို့ ပွဲစဉ်တွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အသင်း၏ ဒုတိယအမှုဆောင်ဥက္ကဋ္ဌဖြစ်သူ အက်ဒ်ဝုဒ်ဝါ့ဒ်နှင့် နည်းပြဗန်ဟားလ်တို့အတွက် မျက်နှာမပြနိုင်ဖြစ်ခဲ့ရသည်။

သို့ရာတွင် မန်ယူအသင်းနည်းပြ ဗန်ဟားလ်ကမူ မန်ယူအသင်းအတွက် လိုအပ်ချက်များရှိနေခြင်းကြောင့်သာ ယူရိုပါလိဂ်တွင် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်ကြောင်းနှင့် ယင်းပွဲစဉ်တွင် အသင်းခေါင်းဆောင်ရွန်းနီအပါအဝင် အကောင်းဆုံး ခြေစွမ်းပြကစားနိုင်သည့် ကစားသမားတချို့ ဒဏ်ရာပြဿနာကြုံခဲ့ခြင်းကြောင့်သာ ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မန်ယူအသင်းသည် လက်ရှိတွင် ရလဒ်များဆိုးရွားနေခဲ့ခြင်းကြောင့် နည်းပြဗန်ဟားလ်အား ထုတ်ပယ်ရန်စီစဉ်ထားခဲ့သည့်အပြင် ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟိုကိုပင် အနာဂတ်နည်းပြအဖြစ်ခန့်အပ်ရန် သဘောတူညီထားခဲ့ပြီး ရာသီမကုန်မီ ဗန်ဟားလ်အား ထုတ်ပယ်ခဲ့ပါက ယာယီနည်းပြအဖြစ် လက်ထောက်နည်းပြ ရိုင်ယန်ဂစ်က တာဝန်ယူရမည်ဖြစ်သည်။




## ဂါရတ်ဘေးလ်မှာ နှစ်နှစ်အတွင်း ကမ္ဘာ့အကောင်းဆုံးကစားသမားဖြစ်လာနိုင်

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် နှစ်နှစ်တာကာလအတွင်း ကမ္ဘာ့အကောင်းဆုံးကစားသမားဖြစ်လာနိုင်ကြောင်း ရီးယဲလ်မက်ဒရစ်အသင်းနည်းပြဟောင်းဖြစ်သူ ရာဖေးလ်ဘင်နီတက်ဇ်က ပြောကြားခဲ့သည်။

နည်းပြဘင်နီတက်ဇ်သည် ရီးယဲလ်မက်ဒရစ်အသင်းတွင် ခြောက်လနီးပါးကိုင်တွယ်ခဲ့ပြီးနောက် အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခံခဲ့ရပြီး အဓိက ကစားသမားများ၏ ထောက်ခံအားပေးမှုနည်းခဲ့ခြင်းကြောင့် နည်းပြအဖြစ်မှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

နည်းပြဘင်နီတက်ဇ်အနေဖြင့် ရီးယဲလ်မက်ဒရစ်အသင်းအားကိုင်တွယ်စဉ်တွင် ပရော်ဖက်ရှင်နယ်ကစားသမားများအနက် တစ်ဦးကိုရွေးချယ်ခဲ့ပြီး ယင်းကစားသမားမှာ ဂါရတ်ဘေးလ်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ဂါရတ်ဘေးလ်သည် စပါးအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ပထမရာသီတွင် အကောင်းဆုံးပုံစံမရရှိခဲ့သော်လည်း နောက်ပိုင်းတွင် အကောင်းဆုံးပုံစံရရှိလာခဲ့သည်။

## နယူးကာဆယ်၊ အာဆင်နယ်နှင့် တရုတ်ကလပ်အသင်းများက မိုက်ကယ်ကားရစ်အား ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိ




မန်ယူအသင်း၏ အဓိကကွင်းလယ်ကစားသမား မိုက်ကယ်ကားရစ်သည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် လက်ရှိစာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ပြီး ပရီမီယာလိဂ်ကလပ်အသင်းများအပြင် တရုတ်စူပါလိဂ်ကလပ်အသင်းများကလည်း ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိကြောင်းသိရသည်။

တရုတ်စူပါလိဂ်ကလပ် ရှန်ဟိုင်းရှင်ဟွာအသင်းသည် မိုက်ကယ်ကားရစ်နှင့် မန်ယူအသင်းကစားဖော်ဖြစ်သည့် အသင်းခေါင်းဆောင် ရွန်းနီအားခေါ်ယူရန် ပြောင်းရွှေ့ကြေးပေါင် တစ်ပတ်လုပ်ခလစာ ပေါင် ၅၀၀၀၀၀ ဖြင့် ခေါ်ယူရန်ကမ်းလှမ်းထားခဲ့ပြီး မန်ယူအသင်းအနေဖြင့်လည်း ရွန်းနီအား ရောင်းချရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

ထို့အတူ ကွင်းလယ်ကစားသမား မိုက်ကယ်ကားရစ်ကလည်း စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သောကြောင့် ကြီးမားသည့်ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ရန်စီစဉ်လျက်ရှိသည်။ ကွင်းလယ်ကစားသမား မိုက်ကယ်ကားရစ်အား ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိသည့် ပရီမီယာလိဂ်ကလပ်အသင်းများမှာ နယူးကာဆယ်အသင်းနှင့် အာဆင်နယ်အသင်းတို့ဖြစ်ပြီး အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးကမူ မိုက်ကယ်ကားရစ်အား အသက်(၃၄) နှစ် ရှိပြီဖြစ်သော်လည်း အသင်းအတွက် အသုံးတည့်မည့် ကစားသမားအဖြစ် အသိအမှတ်ပြုထားသူဖြစ်သည်။

တရုတ်စူပါလိဂ်ကလပ်အသင်းများသည် မိုက်ကယ်ကားရစ်အပြင် ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်း၏ ကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် ဘရာဇီးကြယ်ပွင့် အော်စကာကိုလည်း ပြောင်းရွှေ့ကြေးပေါင်သန်း ၆၀ အထိ ပေး၍ ခေါ်ယူရန်စီစဉ်လျက်ရှိသည်။ ထို့ပြင် ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီနှင့် အဲဗာတန်အသင်းမှ ဖီးလ်ဂျာဂီကာတို့သည်လည်း တရုတ်စူပါလိဂ်အသင်းများ၏ စိတ်ဝင်စားမှုခံထားရကြောင်းသိရသည်။

ငွေကြယ် ›› စုစည်းသည်

# ရန်ကုန်-ပြည်လမ်းတွင် ဖောကားတစ်စီး လမ်းဘေးထိုးကျတိမ်းမှောက်

**ပြည် ဖေဖော်ဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် အင်းမနယ်မြေရဲစခန်း အရှေ့ဘက် ခုနစ်ဖာလုံခန့် ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ် (၁၅၃/၃) နှင့် (၁၅၄/၄) အကြား ပျားစည်အုပ်စု သရက်တောင်ရွာ အနီးတွင် ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ခန့်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြည်ဘက်မှ ရန်ကုန်ဘက်သို့ ရွှေတောင်ကြီး သရက်တောရပ်ကွက် ဆန်တန်းလမ်းနေ ငြိမ်းထိုက် (၄၀)နှစ် မောင်းနှင်ပြီး ဇနီးဖြစ်သူ မသင်းသင်းဆွေ(၃၃)နှစ် လိုက်ပါသော 41/--- SKAT- FAW ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်သို့ ထိုးကျတိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် မသင်းသင်းဆွေတွင် ဦးခေါင်းယာဘက်ထိပ် ပေါက်ပြဲဒဏ်ရာ ရရှိခဲ့ပြီး ငြိမ်းထိုက်တွင် ဒဏ်ရာရရှိခြင်းမရှိကြောင်း၊ ယာဉ်တိမ်းမှောက်မှုနှင့်ပတ်သက်၍ ငြိမ်းထိုက်အား အင်းမနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မျိုးရန်ပိုင်ဝင်း)**







# တောမီးကြောင့် သားရဲတိရစ္ဆာန်များသေဆုံး

**ပျဉ်းမနား ဖေဖော်ဝါရီ ၂၁**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ကူးတို့ဆိပ်အုပ်စု ဝှက်သိုတောင်အနီး သစ်ယာတောင်လေးသည် တောင်ကန့်လန့်ဖြစ်၍ စိမ်းလန်းစိုပြည်သော အဝေရာဆည်နှင့် မနီးမဝေးတွင် တည်ရှိသည်။

တောင်ခြေနှင့် ပျဉ်းမနား ၁၂ မိုင် ၁ ဖာလုံအကွာ လျှိုမြောင်စောက်နက်ထဲတွင် ကျားသစ်ပေါက်တစ်ကောင် ပုပ်ပွနေသည်ကို တွေ့ရှိကြောင်း သိရသဖြင့် ကူးတို့ဆိပ်အုပ်စု နာယက ဦးအောင်ကျော်ဝင်း၊ ဝဲကြီးဥက္ကဋ္ဌ ဦးမိုးဆွေနှင့်အဖွဲ့က သွားကြည့်ရာ ကျား၏ ညာဘက်နောက်ခြေတွင် ဆိုင်ကယ်ဘရိတ်ကြိုးကျော့ကွင်းမိ၍ ကြိုးငြိသေဆုံးနေကြောင်း သိရသည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ဆာဖာရီဥယျာဉ်မှ သစ်တောဝန်ထမ်းတစ်ဦးထံ အကြောင်းကြားခဲ့သည်။ ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် စိမ်းလန်းစိုပြည်နေသော သစ်ယာတောင်၏ အရှေ့ဘက်ခြမ်းမှ တောမီးများ လောင်ကျွမ်းခဲ့ရာ ကျားသစ်သေပါ လောင်ကျွမ်းခဲ့ကြောင်း ဇီးဖြူပင်ရွာမှ ဦးဝင်းဆောင်နှင့် ဝဲကြီးရွာမှ ဦးကျော်ကျော်တို့ထံမှ သိရသည်။

ထို့နေ့တစ်ချိန်တည်းမှာပင် အခြားကျားသစ်ပေါက်တစ်ကောင်၊ ငှက်ခါးတစ်ကောင်၊ ပျားအုံများနှင့် အခြားသော တောနေသတ္တဝါတို့သည်လည်း တောမီးမှမီးခိုးများ၏ အပူလှိုင်းဒဏ်ကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

**(ကျော်ဦး)**

## နောင်ချိုမြို့နယ်တွင် ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက်က နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် စိုင်းအိုက်ပေါင်း မောင်းနှင်လာသည့် TOYOTA WISH ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ကို သိမ်းဆည်းရမိသည်။

အလားတူ ဖေဖော်ဝါရီ ၁၇ ရက်က မိုင်းရယ်မြို့နယ် ဟိုယကျေးရွာ-တန့်ယန်းဘီးခွန်ကောက်ခံရေးဂိတ်အနီးတွင် အိုက်သိန်းမောင်းနှင်ပြီး မဟန်အေးလိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀ ကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၁၈ ရက်က ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက်နေ ထွန်းဝင်း၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ နေဇော်အောင်အား တွေ့ရှိပြီး ဆေးခြောက် သုည ဒသမ ၈၂ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း သိရပြီး ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



**စိုင်းအိုက်ပေါင်းအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

## စက်ဘီးစီးလာသူနှင့် ခရီးသည်တင်ယာဉ်တိုက်မိ

**ကျောက်တံခါး ဖေဖော်ဝါရီ ၂၁**

အောင်မြင်မြို့ဘက်မှ ပဲနွယ်ကုန်းဘက်သို့ ဖေဖော်ဝါရီ ၂၀ ရက်က ကျောက်ကြီးမြို့ ပဲခူးရပ်ကွက်နေ ကျင်ကောက်(ခ)မင်းလွင်ဦး(၃၃)နှစ် မောင်းနှင်လာသော 1D/-----ဟွန်ဒိုင်း ခရီးသည်တင်မှန်လုံယာဉ်သည် ၎င်းလမ်းအတိုင်းမောင်းနှင်လာစဉ် ပဲနွယ်ကုန်းမြို့ ရွှေဝါထွန်းကျေးရွာနေ မောင်ကောင်းမြတ်သူ (၁၁)နှစ်၏ စက်ဘီးမှာ ယာဘက်ယာဉ်ကြောမှ ဝဲဘက်ယာဉ်ကြောသို့ဖြတ်ကွေ့စဉ် ဟွန်ဒိုင်းယာဉ်မှာ ယာဘက်ယာဉ်ကြောသို့ တိမ်းရှောင်ရာမှ ယာဉ်၏ယာဘက်နောက်ဘီးဖြင့် ကြိတ်မိခဲ့သဖြင့် မောင်ကောင်းမြတ်သူမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သဖြင့် ကျင်ကောက်(ခ) မင်းလွင်ဦးအား အောင်မြင်မြို့နယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**မျိုးဦး(ကျောက်တံခါး)**







### ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ပြာသာဒ်ကြီးဘုရားပေါ်တွင် မိမိတို့ ကုမ္ပဏီအကြောင်းကို Facebook လူမှုကွန်ရက်ပေါ်တွင် ရေးသားထားသော ကိစ္စနှင့်ပတ်သက်၍ တောင်းပန်ခြင်း

ပုဂံညောင်ဦးဒေသရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း၌ ၁၇-၂-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီဝန်းကျင်တွင် ပြာသာဒ်ကြီးဘုရားပေါ်၌ ကျွန်တော်များကုမ္ပဏီ၏ ခရီးစဉ်ပြီးဆုံးပြီဖြစ်သဖြင့် ပုဂံ၏အလှအပနှင့် ရှုခင်းများကို ခွဲခွာရခါနီး နှုတ်ဆက်ရင်းဖြင့် ပျော်ရွှင်ကခုန်မိခဲ့ပါသည်။ ဤအပြုအမူသည် ဘာသာရေးအရလည်းကောင်း၊ ယဉ်ကျေးမှုအရလည်းကောင်း လျော်ကန်မှုမရှိခဲ့ခြင်းအပေါ် အနူးအညွတ်တောင်းပန်အပ်ပါသည်။

**Lucky Time Trading Co.,Ltd**




### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၄)၊ မြေကွက်အမှတ်(၅၆၄)၊ မြေကွက်တည်နေရာအမှတ်(၅၆၄)၊ (၈၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဦးကျော်ဇေယျ အမည်ပေါက် ပါမစ်မြေအား ပါမစ်မြေအမည်ပေါက် ဦးကျော်ဇေယျထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူသူ ဦးယုံရှင်း[၉/ခအဇ(နိုင်)၀၃၆၉၇၆] မှ မြေချပါမစ်မိတ္တူမှန် အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်၊ မြေကွက်နှင့်ပတ်သက်၍ ဖြစ်ပေါ်လာမည့်ကိစ္စ တာဝန်ယူကြောင်း ဝန်ခံကတိပြုခြင်းနှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်-၄၁၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၊ မြေကွက်အမှတ်-၁၁၃၀၊ အကျယ်အဝန်း(အလျား၄၁ပေ×အနံပေ၆၀)၊ မြေဧရိယာ(၂၄၆၀)စတုရန်းပေရှိ ဒေါ်ဦးခင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၁၃၀၊ မြတ်လေးလမ်းနှင့် ကြာဝတ်မှုန်လမ်းထောင့်၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံတို့ကို အရောင်းမှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ကတိပြုသူ ဦးလင်းအောင်[၁၂/လကန(နိုင်)၁၅၈၃၈၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုလျှင် ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးရှင်ငြိမ်း တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၄၄)
အမှတ်-၄၆၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း-၀၉-၅၀၄၃၀၄၆

# ရွှေသပြေစိုက်ပျိုးသူများ ဈေးကောင်းရ၍ တစ်ပိုင်တစ်နိုင်စိုက်သူများလာ



**သထုံ ဖေဖော်ဝါရီ ၂၁**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ တစ်နိုင်တစ်ပိုင် ရွှေသပြေစိုက်ပျိုးမှုများတွင် ဈေးကောင်းရ၍ ဝယ်ယူမှုများသဖြင့် ယင်းရွှေသပြေစိုက်ပျိုးသူများ ပိုမိုများပြားလာကြောင်း ရွှေသပြေစိုက်ပျိုးသူများက ပြောသည်။

ရာသီဥတု ခြောက်သွေ့ပွင့်လင်းသောကာလတွင် ပိုမိုမှာယူမှုများပြီး လက်တစ်ဆုပ်စာ ရွှေသပြေတစ်စည်းလျှင် ကျပ် ၈၀၀ အထိ ပေးဝယ်သဖြင့် စိုက်ပျိုးသူခြံလုပ်ငန်းရှင်များအနေဖြင့် အဆင်ပြေလျက်ရှိကြောင်း ရွှေသပြေစိုက်ပျိုးသူ ဒေါ်လှဝင်းက ပြောသည်။

"နှစ်လလောက်ရှိပြီ ဈေးကောင်းရတာ။ မိုးတွင်းဆို ဈေးကသိပ်မရဘူး ခုချိန်ဆို ခြံက ထွက်သမျှ အကုန်ယူတယ်။ နွေရောက်လာရင် အထွက်တွေနည်းလာလို့ ခြံချုပ်ဝယ်သူတွေက ဈေးပိုပေးလာကြပါတယ်" ဟု ၎င်းက ပြောသည်။

ရွှေသပြေစိုက်ပျိုးရာတွင် စိုက်ပျိုးစရိတ်ကြီးမြင့်ပြီး အပင် ၁၅၀၀ စိုက်ပါက ကုန်ကျစရိတ် ကျပ် ၁၅ သိန်းဝန်းကျင်ခန့် ရှိသော်လည်း တစ်နှစ်အတွင်း အရင်းကြေနိုင်၍ ငွေကြေးပြည်စုံပါက ပိုမိုစိုက်ပျိုးနိုင်ပြီး အကျိုးရှိမည်ဖြစ်ကြောင်း အပင် ၁၅၀၀ စိုက်လျှင် နေ့စဉ်ဝင်ငွေ ကျပ် ၇၀၀၀ ခန့်ရရှိ၍ စီးပွားရေးအတွက်အဆင်ပြေကြောင်း ၎င်းက ဆက်လက်ပြောသည်။

"နွေရောက်ခါနီးရင် ရွှေသပြေတွေက အထွက်နည်းလာတယ်။ ဒါကြောင့် ကိုယ့်ဖက်က တတ်နိုင်သလောက် ခြံရှင်တွေကို ဈေးပိုပေးပြီးဝယ်ရတယ်။ ဒါမှလည်း ကိုယ်ကလိုသလောက်ရမှာ။ မဟုတ်ရင် သူတို့က ဈေးပိုပေးတဲ့သူတွေကို ရောင်းလိုက်ရင် အလုပ်ထိခိုက်တယ်" ဟု ရွှေသပြေများအားတစ်ဆင့် ပြန်လည်ရောင်းချသူ ကိုထွန်းအောင်ကပြောသည်။

သထုံမြို့နယ်အတွင်းထွက်ရှိသော ရွှေသပြေများအား သထုံမြို့နယ်အပြင် မော်လမြိုင်နှင့် ဘားအံဈေးကွက်သို့ အချိန်မီ တင်ပို့ရသည့်အပြင် ရောင်းအားကောင်းနေ၍ ဈေးပိုပေးကာ ဝယ်ယူကြခြင်းဖြစ်ကြောင်း စိုက်ပျိုးသူခြံရှင်အချို့က ရွှေသပြေပင်များအား ဈေးကွက်တင်ရောင်းချရမှုနှင့်ပတ်သက်၍ပြောသည်။

**သက်ဦး(သထုံ)**

## ရန်ကင်းမြို့နယ်တွင် အမျိုးသား ကာကွယ်ဆေးတိုက်နေ့ အခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်တွင် အမျိုးသား ကာကွယ်ဆေးတိုက်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၈ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရုံးရှေ့၌ ကျင်းပခဲ့သည်။

''ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးရခြင်း၏ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံမှာ ပိုလီယိုရောဂါ အပြီးသတ် ပပျောက်စေရန် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ သတ်မှတ်ကာ မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးများအားလုံးကို ပိုလီယိုကာကွယ်ဆေး အပိုဆောင်း တိုက်ကျွေးရခြင်းဖြစ်ပါတယ်။ ပိုလီယိုရောဂါ ကာကွယ်ဆေးများကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ ရပ်ကွက်များအတွင်း လိုက်လံတိုက်ကျွေးသွားမည်ဖြစ်ပါတယ်" ဟု မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးမှူးဒေါက်တာ ဒေါ်သီသီလတ်က ပြောသည်။

**(၅၉၈)**

## လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့်ဆင့်ပွားသင်တန်းဖွင့်

**ကျောက်မဲ ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ် ကျောက်မဲခရိုင် ကျောက်မဲမြို့တွင် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့်ဆင့်ပွား သင်တန်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့သည်။

ယင်းနေ့ သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ကေသွယ်ဟန်က သင်တန်းဖွင့် အမှာစကားပြောကြားခဲ့ပြီး ဘာသာရပ်ခြောက်မျိုးဖြစ်သော ရုံးစာရေးသားနည်းနှင့် စီမံခန့်ခွဲမှု၊ ပြည်သူ့ဆက်ဆံရေး၊ ပြည်သူ့စာကြည့်တိုက်များ စီမံခန့်ခွဲရေး၊ ငွေစာရင်းထိန်းသိမ်းနည်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ သတင်းမီဒီယာလုပ်ငန်းဥပဒေနှင့် နည်းဥပဒေများ၊ နိုင်ငံ့သမိုင်းအဆင့်ဆင့်ပြောင်းလဲတိုးတက်မှုများ စသည့်ဘာသာရပ်များကို သင်တန်းနည်းပြများက ပို့ချပြီး သင်တန်းသားများက စိတ်ပါဝင်စားစွာ အပြန်အလှန်ဆွေးနွေးခဲ့ ကြသည်။

ယင်းသင်တန်းတွင် ကျောက်မဲခရိုင်အတွင်းရှိ အငယ်တန်းစာရေးနှင့်အထက် ဝန်ထမ်း ၂၂ ဦးအား ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၀ ရက် အထိ ခြောက်ရက်တိုင်တိုင် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်အောင်**

## ၂၀၁၆ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ မြို့နယ်အဆင့်အသိပေးရှင်းလင်း

**သုံးခွ ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၀၁၆ ခုနှစ် အမျိုးသား ကာကွယ်ဆေးတိုက်နေ့များ မြို့နယ်အဆင့် အသိပေးရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

အသိပေးရှင်းလင်းပွဲတွင် သုံးခွမြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းအောင်က ပိုလီယိုကာကွယ်ဆေးများကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက် အထိ တိုက်ကျွေးသွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ရပ်ကွက်၊ ကျေးရွာအတွင်းရှိ ကလေးငယ်များအားမကျန်ရှိစေရေး အတွက် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များသည် ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း၊ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုကောင်းမွန်သောကြောင့် သုံးခွတစ်မြို့နယ်လုံး၌ သက်ဆိုင်ရာစုရပ်များတွင် အစုလိုက် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းကို မွေးကင်းစမှ ငါးနှစ်အထိ ကလေးငယ်များအားလုံးကို တိုက်ကျွေးသွား မည်ဖြစ်ကြောင်းကိုလည်း ယင်းနေ့က ထည့်သွင်း၍ အသိပေး ပြောကြားခဲ့သည်။

**ကြည်စိုးလွင်(သုံးခွ)**

CitiAvenue Travels & Tours ၏ သင်္ကြန်ပိတ်ရက် နှစ်သစ်ကူးခရီးစဉ်များ
CitiAvenue Travels & Tours
စင်ကာပူ - ဘင်တန် (6D/5N) April 12 – 17 (USD 1280)
ဟောင်ကောင် - ဘာလီ (8D/7N) April 9 – 16 (USD 1850)
ဟောင်ကောင် - ရှန်ဟိုင်း - ပေကျင်း (8D/7N) April 12 – 19 (USD 1880)
ဟောင်ကောင် - မကာအို - ကွမ်ကျိုး - ရှန်ကျန့် (8D/7N) April 11 – 18 (USD 1610)
ဒူဘိုင်း - အဘူဒါဘီ - အယ်(လ်)အိန်း (8D/7N) April 11 – 18 (USD 2200)
ကိုရီးယား - ဟိုချီမင်း (9D/8N) April 10 – 18 (USD 2150)
ဂျပန် (9D/8N) April 10 – 18 (USD 3150)
သြစတြေးလျ (10D/9N) April 10 – 19 (USD 4550)
ဥရောပ (15D/14N) April 09 – 23 (USD 4870)
CitiAvenue ၏ Quality ကိုယုံကြည်သော ဧည့်သည်တော်များ၏ တစ်ခဲနက်အားပေးမှုကြောင့် ခရီးစဉ်များအားလုံး အချိန်တိုအတွင်းလူပြည့်တတ်ပါသဖြင့် အောက်ပါဖုန်းနံပါတ်များကိုယခုပဲဆက်သွယ်ပြီး စာရင်းပေးလိုက်ကြရအောင်နော်။
www.facebook.com/citiavenue
အမှတ် ၁၃၉ (က)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။ 09-732356 12 / 21 | 09-25090 1188 / 1199 | 09-7800770 10/20/30/40 | 01-211609

မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း
စတုတ္ထအကြိမ်နှစ်ပတ်လည်
အထွေထွေမျက်နှာစုံညီ အစည်းအဝေးဖိတ်ကြားခြင်း
မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း(မှတ်ပုံတင်အမှတ် - ၃၀၅၁/ ၂၀၁၂ - ၂၀၁၃ ) ၏ စတုတ္ထအကြိမ်နှစ်ပတ်လည်အထွေထွေမျက်နှာစုံညီအစည်းအဝေးကို အောက်ဖော်ပြပါအစီအစဉ် အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းဝင်ဆေးရုံများ၊ အသင်းဝင်လိုသည့် ပုဂ္ဂလိကဆေးရုံများအား မပျက်မကွက်တက်ရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။
နေ့စွဲ နှင့်အချိန် ~ ၂.၃.၂၀၁၆ ( ဗုဒ္ဓဟူးနေ့၊ တောင်သူလယ်သမားနေ့ ) ၊ နံနက် (၈) နာရီ မှ ညနေ (၅) နာရီထိ ( REGISTRA TION - နံနက် ၈ နာရီ မှ ၈း၃၀ နာရီထိ )
နေရာ ~ HOTEL HAZEL ( BALLROOM ), ၅၃လမ်း × ၃၇လမ်း ထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။
အကြိုညစာစားပွဲ (WELCOME DINNER) ~ ၁.၃.၂၀၁၆ (အင်္ဂါနေ့, ညနေ ၆ နာရီ မှ ၉ နာရီ ထိ) , HOTEL HAZEL ( DINING ROOM ) , ပထမထပ်။
မှတ်ချက် ။ ။ (၁) အဆိုပါ အစည်းအဝေးသို့ ပုဂ္ဂလိကဆေးရုံကို တိုက်ရိုက်ကိုယ်စားပြုသူ (သို့) ဆုံးဖြတ်ပိုင်ခွင့်ရှိသူ၊ ဆေးရုံပိုင်ရှင်၊ ဆေးရုံအုပ်စသည်ဖြင့်ဆေးရုံတစ်ရုံလျှင် (၂)ဦးစီတက်ရောက်နိုင်ပါသည်။
။ (၂) တက်ရောက်မည့်လူဦးရေစာရင်းကို ၂၅.၂.၂၀၁၆ (ကြာသပတေးနေ့)နောက်ဆုံးထားပေးပို့ရန် မေတ္တာရပ်ခံအပ်ပါသည်။ အသင်းမဝင်ရသေးသော ဆေးရုံများအား အသင်းဝင်နိုင်ရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြား၍ အသင်းဝင်ဆေးရုံများ နှစ်စဉ်ကြေး ပေးသွင်းကြရမည်ကိုလည်း လေးစားစွာ အကြောင်းကြားအပ်ပါသည်။
။ (၃) အစည်းအဝေးဖိတ်စာ အချိန်မီ မရောက်ရှိသော အနယ်နယ်၊ အရပ်ရပ်မှ အသင်းဝင် ပုဂ္ဂလိကဆေးရုံများ အနေဖြင့် ဤကြော်ငြာကို ဖိတ်စာအဖြစ် မှတ်ယူ၍ အစည်းအဝေး တက်ရောက်ပေးကြပါရန် လေးစားစွာဖြင့်အကြောင်းကြားအပ်ပါသည်။
ဆက်သွယ်ရန် ။ ။ ဒေါက်တာဝင့်ယမုံသူ (ဖုန်း) ၀၉-၅၀၅၅၁၉၇၊ မစိုးဇာခြည်ငွေ (ဖုန်း) ၀၉- ၂၆၃၁၂၄၉၉၂၊ ရုံး (ဖုန်း) ၀၁ - ၂၃၀၁၅၈၇၊ Email - mpha.org@gmail.com
ဗဟိုအလုပ်အမှုဆောင်ကော်မတီ

## ပြည်တွင်းရေးရာ

# မြင်းခြံမြို့နယ် မီးဘေးအန္တရာယ်ကင်းဝေးရေးအတွက်လုပ်ဆောင်ထားမှုများဆွေးနွေး

**မြင်းခြံ ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ်အတွင်း မီးဘေးအန္တရာယ်မှ ကင်းဝေးစေရေးအတွက် လုပ်ဆောင်ထားမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများဆွေးနွေးညှိနှိုင်းမှုကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲတွင် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်က မြင်းခြံမြို့နယ်အတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ဌာနဆိုင်ရာများနှင့် ပြည်သူများမှ ပူးပေါင်းဆောင်ရွက်ကြရန်၊ မီးသတ်ယာဉ်များ ကြံ့ခိုင်မှုကောင်းမွန်ပြီး အရေးပေါ်ကိစ္စရပ်များဖြစ်ပွားရာသို့ အမြန်ဆုံးရောက်ရှိရန်စသည်တို့ကို ပြောကြားခဲ့သည်။

ယင်းနောက် မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်နိုင်က မြို့တွင်းမီးသတ်ရေကန်များ ရေဖြည့်ထားရှိမှု၊ စက်သုံးဆီဆိုင်များနှင့် ဈေးကြီးများတွင် မီးသတ်ဆေးဘူး ထားရှိမှုနှင့် အရေးပေါ်ကိစ္စဖြစ်လာပါက ဇာတ်တိုက်လေ့ကျင့်ထားရှိမှုအခြေအနေများ၊ မီးသတ်ယာဉ်များနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၏ အခြေအနေများစသည်တို့ကို ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်ဝင်းကလည်း အရေးပေါ်ကိစ္စရပ်များဖြစ်ပေါ်လာပါက တပ်ဖွဲ့ဝင်များအား လုံခြုံရေး၊ လမ်းကြောင်းရှင်းလင်းရေးများကို စီမံထားရှိမှုများအကြောင်း စသည်တို့ကိုရှင်းလင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်ကရပ်ကွက်၊ ကျေးရွာများတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လုပ်ဆောင်ထားရှိမှုများ၊ ဆက်လက်လုပ်ဆောင်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်ဝင်း၊ မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်နိုင်၊ မြင်းခြံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ဝါးဖြင့်ပြုလုပ်သော မြန်မာ့ရိုးရာလက်မှုပစ္စည်း ကိုယ်တိုင်လုပ်ကိုင်နေသူများ အဆင်ပြေ



**ပုသိမ်ကြီး ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျောက်တံတားကျေးရွာနှင့် ထုံးဘိုကျေးရွာအနီးတွင် ဝါးဖြင့်ပြုလုပ်သော မြန်မာ့ရိုးရာ လက်မှုပစ္စည်းများကို ကိုယ်တိုင်လုပ်၍ ရောင်းချနေသူများ လုပ်သလောက် အကျိုးရှိ၍ အဆင်ပြေနေကြောင်း သိရသည်။

ဝါးဖြင့်ပြုလုပ်သော အိပ်စင်၊ စားပွဲ၊ ကုလားထိုင်၊ဆက်တီနှင့် ကပ်ကြမ်းများကို ထုပ်လုပ်ရောင်းချရာတွင်မြင်ဝါးနှင့် သနပ်ဝါးများကို အသုံးပြုရကြောင်း သိရသည်။

"ဒီဝါးနဲ့ပြုလုပ်တဲ့ ပစ္စည်းတွေက နွေရာသီရောက်လာတော့ ရောင်းအားကောင်းလာတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဝါးကုလားထိုင်တွေက အေးတယ်လေ။ သူ့ဒွေးကလည်း တိုက်ပေါ်တင်ထိုင်လို့ရတယ်။ ဆင်းရဲသားကလည်း မြေကြီးမှာ ချထိုင်လို့ရတယ်။ ဈေးနှုန်းက သက်သာတော့ အဆင်ပြေတယ်လေ။

'ဝါးဖြင့်ပြုလုပ်တဲ့ ကုန်ပစ္စည်းများဖြစ်တဲ့ တစ်ယောက်အိပ်စင်၊ နှစ်ယောက်အိပ်စင်၊ ဝါးဆက်တီအစုံ၊ နှစ်ယောက်ကုလားထိုင်၊ တစ်ယောက်ကုလားထိုင်အစရှိသော ပစ္စည်းများ ပြုလုပ်ရောင်းချပါတယ်။ ဝါးကုလားထိုင် တစ်လုံးပြုလုပ်ရာတွင် ၁၁ တောင်ဝါး လေးလုံးခန့်ကုန်ပြီး စူးသွားနဲ့ အပေါက် ၄၀လောက်ဖောက်ရတယ်။

"ပြီးရင် ဒိုင်လွှ၊ တူ၊ ဓားတွေကိုအသုံးပြုပြီးတော့ စက်ရွေးစိပ်၊ ဝါးခွဲ၊ နှီးခွာ၊ နှီးကွပ်တွေ ပြုလုပ်ရတယ်။ မြင်ဝါးကိုပေါင်၊ စက်ရွေးစိပ်တို့မှာ အသုံးပြုပြီးအခင်းကတော့ သနပ်ဝါးကို အသုံးပြုရတယ်။။ တစ်ရက်ကို ရှစ်လုံးလောက် ပြီးတယ်။ ကုလားထိုင်တစ်လုံးကို ငွေကျပ် သုံးထောင်နဲ့ ရောင်းရတယ်" ဟု ပုသိမ်ကြီးမြို့နယ် ကျောက်တံတားကျေးရွာအနီးတွင် ဝါးဖြင့်ပြုလုပ်သော မြန်မာ့လက်မှုပစ္စည်းများ ကိုယ်တိုင် ပြုလုပ်ရောင်းချနေသူတစ်ဦးက ပြောသည်။

အဆိုပါ ဝါးဖြင့်ပြုလုပ်သော မြန်မာလက်မှုပညာပစ္စည်းများအား မန္တလေးမြို့သို့ အဓိက ပို့ဆောင်ပြီး ပြင်ဦးလွင်၊ မူဆယ်စသောမြို့များသို့လည်း ပို့ဆောင်ရောင်းချလျက်ရှိကြောင်း သိရသည်။ အဆိုပါ ဝါးလက်မှုပစ္စည်းများကို ဒေသတွင်းမှာသာမက အနယ်နယ်အရပ်ရပ်သို့ တင်ပို့ရောင်းချနေရ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# စဉ့်ကိုင်မြို့နယ် မိုးကောင်းကျေးရွာတွင် နွေရာသီရေလိုအပ်မှုမရှိစေရေး ကွင်းဆင်းဆွေးနွေး

**စဉ့်ကိုင် ဖေဖော်ဝါရီ ၂၁**

မိုးလေဝသပညာရှင်များ၏ ခန့်မှန်းချက်အရ အယ်နီညိုရာသီဥတု ကျရောက်ချိန်တွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် သောက်သုံးရေလိုအပ်မှုမဖြစ်ပေါ်စေရန်၊ ရေအလေအလွင့် ဆုံးရှုံးမှုမရှိစေရေး၊ စနစ်တကျသုံးစွဲရေး၊ လက်ရှိရေရရှိသုံးစွဲမှုအခြေအနေများအား စဉ့်ကိုင်မြို့နယ်ကျေးလတ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မာစန်းနှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက စဉ့်ကိုင်မြို့နယ် မိုးကောင်းကျေးရွာတွင် ကွင်းဆင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ စဉ့်ကိုင်မြို့နယ် မိုးကောင်းကျေးရွာတွင် ယခင်က ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခဲ့သော တွင်းကျယ်ရှစ်တွင်း၊ တွင်းနက်တစ်တွင်းနှင့် စဉ့်ကိုင်မြို့နယ်ကျေးလတ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးခဲ့သော တွင်းနက်တစ်တွင်းရှိရာ လတ်တလောကာလတွင် ရေလိုအပ်ချက်မရှိသေးသော်လည်း ရေလိုအပ်ချက်ရှိခဲ့ပါက ဆောင်ရွက်ပေးမည့် အခြေအနေများကို မိုးကောင်းကျေးရွာ ရေကော်မတီဥက္ကဌ ဦးဝင်းတင်က ဆွေးနွေးတင်ပြရာ မြို့နယ်ဦးစီးမှူးဒေါ်ခင်မာစန်းက အယ်နီညိုရာသီဥတု ကျရောက်ချိန်တွင် ရေလိုအပ်မှုရှိခဲ့ပါက သက်ဆိုင်ဌာနများသို့ အချိန်မီတင်ပြရေး၊ ရေကားများဖြင့် ရေပေးဝေနိုင်ရေးအတွက် လိုအပ်သည့် အစီအမံများ ဆောင်ရွက်ထားရှိမှုနှင့် လက်ရှိရေသုံးစွဲမှုမှာ အလေအလွင့်မရှိစေရန် စနစ်တကျသုံးစွဲရေးနှင့် ရေအရင်းအမြစ်များ ထိန်းသိမ်းပေးရန် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

LCCI - EDI (UK) မှချီးမြှင့်သောရှေးချယ်သင်တန်းကျောင်းဘုရ
စီးပွားယှဉ်းဆင်း
ပညာရေးဝန် ဆောင်မှုလုပ်ငန်း
LCCI Level 1+2
တာရင်းကိုင်သင်တန်း
2016-June Series (March) (2.3.2016)
(60,000/Ks) (29.2.2016) 10% Discount
09-5118647-73009869-73013432-73028433

STAR SUMMER SCHOOL
English နှင့် ... STAR SCHOOL မှာ
March ၁၁ ရက်
English and Art training with computer
3 Months 50000/-
Ph: 09-5406440, 09-799121029, 09-961213301, 09-973862499

ခေတ်သစ်မြန်မာ 09-33377844, 09-254200684

Pleasant Times Travels & Tours
Release Your stress with Pleasant Times
Luxury Packages
(Feb:27 Mar:18,19)
- မုံရွာ- အလောင်းတော်ကဿပ
- မန်းရွှေစက်တော်
- ပုဂံ- စွယ်တော်လေးဆူ
- တောင်ကြီး- အင်းလေး
- လွိုင်ကော်-ကလော-အင်းလေး
- မြိတ်ဘုရားစုံ - သဘာဝကျွန်းစု
- ထားဝယ်-ရှင်ကိုးရှင်-လောင်းလုံးကျွန်း

Day Return Trips
(Feb:27 Mar:1,5,12,19)
- ပြည် (အကောက်တောင်)
- ဘားအံ - ကျုံထော်ရေတံခွန်
- ဘားအံ ၃(၅)၇
- သထုံ-မဲလိတောင်-ရေပူစမ်း
- နေပြည်တော်-ဗုဒ္ဓဂယာ-လှေခွင်းတောင်
- တောင်ငူ-သံတောင်-ဖိုးကျားဆင်စခန်း
- မော်လမြိုင် - ကျိုက္ကမီ - စက်စဲ

ကုမ္ပဏီအသင်းအဖွဲ့များအတွက်ခရီးစဉ်များကို စိတ်တိုင်းကျဆောင်ရွက်ပေးပါသည်။
အမှတ်(၇၃),အထက်ကြည့်မြင်တိုင်လမ်းနှင့် အုန်းပင်လမ်းထောင့်၊ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့။
Ph: 01-9317220, 09-73158702, 09-73072661, 09-252872529

MYANMAR EXECUTIVE FORUM
TODAY စာအုပ်တိုက်က စီစဉ်ကျင်းပမည့်
The Potential Economic Miracles of Myanmar
မြန်မာနိုင်ငံအတွက် စီးပွားရေး အလားအလာကောင်းများ အကြောင်းကို ဟောပြောဆွေးနွေးပွဲမည်။
MODERATOR: ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်
PANELISTS: ဦးချစ်ထွန်းဖေ (Deloitte Consulting)
ဦးထွန်းသူရသက် (Myanmar Information Technology Pte Ltd)
ဦးသက်လွင်တိုး (Myanmar Voyages International Tourism Co Ltd)
ဦးရဲမင်းအောင် (Myanmar Rice Federation)
ပွဲအစီအစဉ်
နေ့ရက် - ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် (ဗုဒ္ဓဟူးနေ့)
အချိန် - ၉း၀၀ မှ ၁၁း၃၀
နေရာ - CHATRIUM HOTEL
ဝင်ကြေး - ၁၅,၀၀၀ ကျပ်
ဆက်သွယ်ရန် - 01 507385, 01 507391-2, 09-254249587
Sponsored By : CMHL, LONKING, UPG

**လူပျောက်ကြော်ငြာ**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ လှသောင်းလမ်း၊ အမှတ်(၂၉၇)နေ အမိ ဒေါ်ဝင်းလှ[၃/ဘအန(နိုင်)၀၉၇၀၅၃]၏သမီး မသဇင်မွန်[၁၀/မလမ (နိုင်)၂၀၄၆၁၇]သည် ၂၀-၁-၂၀၁၆ ရက်တွင် နေအိမ်မှ ကားအမှတ် 9E /3554(Hondafit-ခဲရောင်)နှင့် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။ လက်ခံ၊ ဖြားယောင်းသွေးဆောင်ထားသူများအား ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်းနှင့် မိဘနှစ်ပါး၏ သိရှိမှုမရှိဘဲ ဆောင်ရွက်ထားသောကိစ္စကို ဖြေရှင်းပေးမည်မဟုတ်ပါ။

ဒေါ်ဝင်းလှ
ဖုန်း-၀၉၄၀၁၅၉၁၃၈၂

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အိမ်အမှတ်(၆)၊ အနောက်ရွှေဂုံတိုင်(၄)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ မြေကွက်အမှတ်(၁၈အီး)၊ ဧရိယာ(၀. ၀၇၅)ဧက၊ (၃၂၄၉)စတုရန်းပေရှိ အစိုးရမြေအား ဒေါ်မြတ်နှင်းခိုင်[၁၂/ဗဟန်း(နိုင်)၀၉၉၇၁၂]အမည်ဖြင့် မြေငှားစာချုပ်(အထူးဂရန်)ထုတ်ပေးမည်ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ စ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့သက်ဆိုင်ရာ စာရွက်စာတမ်းအထောက် အထားမှုရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ် (အထူးဂရန်) ထုတ်ပေးရေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

မြေယာဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

# လတပို့တွဲနှဲ့ကြပျော်ပျော်၊ ထမနဲပွဲတော်

**à ရွှေအကျရာ**

၂၀၁၆ ခုနှစ်၏ နှစ်ဦး မြန်မာပြက္ခဒိန်လဖြစ်သော ယခုနှစ် နတ်တော်ပြာသို ဆောင်းဦးရာသီသည် အအေး ပိုသည်လို့ ဆိုရမှာပါ။ ယခင်နှစ်ကဆိုလျှင် သိပ်မအေး လှ၊ဘာဆောင်းရာသီလဲဟု မေးရလောက်အောင်ပင်။ သည်နှစ် ဆောင်းကတော့ ဆောင်းရာသီကို ပီပီပြင်ပြင် ခံစားရသည်။ အေးစိမ့်စိမ့်နှင့် နေလို့ကောင်းသည်။ ဆောင်းရာသီသည် အသီးအနှံ၊ သားငါး ပေါများသော ရာသီဖြစ်၍ နှစ်သက်မိသည်။ ဆောင်းရာသီ၏ နောက်ဆုံးလဖြစ်သော တပို့တွဲလ ကိုတော့ဖြင့် အနှစ်သက်ဆုံး ဖြစ်ပါ၏။ တပို့တွဲလသည် မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်တွင် တစ်ခုအပါအဝင် ဖြစ်သော ထမနဲပွဲတော် ဆင်နွှဲသောလဖြစ်လို့ပါ။ ရာသီစာဖြစ်သော ထမနဲကို တပို့တွဲလတွင် တစ်နှစ်မှတစ်ခါသာ စားရသောကြောင့် ဖြစ်သည်။

တပို့တွဲလဆိုပါလျှင် စုပေါင်း၍ ထမနဲထိုးကြ၏။ ထမနဲထိုးပြိုင်ပွဲများ ပြုလုပ်ခြင်း၊ လှူဒါန်းခြင်း၊ စတုဒိသာကျွေးခြင်း စသည်ဖြင့် ပျော်ရွှင်စရာပွဲတော် အဖြစ် ဆင်နွှဲကြသည်။

ရှေးစာဆိုပညာရှင်များက နှာရည်စို့ရွဲ တပို့တွဲဟု ဆိုခဲ့ကြသည်။ ချမ်းအေးလှသော ရာသီ၌ ထမနဲထိုးရာတွင် ပါဝင်သော ကောက်ညှင်း၊ မြေပဲ၊ နှမ်း၊ အုန်းသီးဆန်၊ ချင်း၊ မြေပဲဆီ စသည်တို့ကို အချိုးအစားညီညီ ဖော်စပ်ထားသော ဆေးတော်ကြီးအဖြစ် နန်းတွင်းသမားတော်ကြီးများကရှင်ဘုရင်ကို ဆက်သခြင်းဖြစ်သည်ဟု ကြားဖူးသည်။

တပို့တွင်လတွင် ရာသီစာဖြစ်သော ထမနဲကို မည်မျှပင် စားစေကာမူ ရင်ပြည့်ရင်ကယ်မဖြစ်ပါ။ ထမနဲကို အချိုးအစား ညီမျှစွာ ထိုးတတ်ပါလျှင် အရသာရှိလှသော ရာသီစာ ဆေးတစ်ခွက်ဖြစ်ပါ၏။

ထို့ကြောင့် နောင်အခါ လူအများ ထမနဲထိုးတတ်စေရန် မန်လည်ဆရာတော်ဘုရားကြီးမှ စာချိုးလေးထားခဲ့သည်။ ထိုစာချိုးမှာ-

လတပို့တွဲ၊ ထမနဲထိုးရန်ပ
စာချိုးလို့ မှာခဲ့မယ်
တစ်စိတ်ဆိုသည့် ကောက်ညှင်းဆန်ကိုလ
တစ်ပိသာဆီကိုသွင်းပါလို့ ချင်းကသုံးဆယ်
အုန်းသီးဆန် အတူဖက်ပါလို့
မြေပဲဆန်လှော် တစ်ခွက်ကယ်နှင့်
နှမ်းမပျက် (၂)စလယ်၊
ဤနှယ်ရေစင်ကြယ်ထည့်ရိုး၊
တွက်စစ်ရန် လက်နှစ်သစ်သာပ
ဆားတစ်ဆယ်သားရယ်နဲ့
နှောင်းအခါ လူအများရယ်၊ အားထည့်လို့ ထိုး
ဟူ၍ ဖြစ်ပါသည်။

ကောက်ညှင်းဆန် တစ်စိတ်ဆိုသည်မှာ လေးပြည်ကို ဆိုလိုပါသည်။ ဆီက တစ်ပိသာပါ။ ပါးပါးသေးသေးလှီးထား သော ချင်းကသုံးဆယ်သား ဖြစ်ပါ၏။ ပါးပါးလှီးထားသော အုန်းဆီးဆံကလည်း သုံးဆယ်သားပါပဲ။ (အုန်းသီးဆန်ကို အစိမ်းထည့်ခြင်းထက် ကြော်၍ ထည့်ပါက ပို၍ အရသာရှိလှသည်။) မြေပဲဆံလှော် တစ်ခွက်ကယ်နှင့် ဆိုသည်မှာ လှော်ပြီးသား မြေပဲဆန် နို့ဆီဘူး လေးလုံးထည့်ရမှာပါ။ နှမ်းက နှစ်စလယ် ဆိုသည်မှာ နို့ဆီဘူး လေးလုံးပဲဖြစ်သည်။ ဆားက တစ်ဆယ်ဆိုတာကတော့ ဆားတစ်ဆယ်သားပါ။ ဤနှယ်ရေစင်ကြယ်ထည့်ရိုး၊ လက်နှစ်သစ်သာပ တွက်စစ်ရန် ဆိုသည်မှာ ကောက်ညှင်းဆန်မြုပ်ရုံ လက်နှစ်သစ်သာ ရေထည့်ရမည်ဟု ဆိုလိုခြင်းပါ။

ထမနဲထိုးနည်းမှာ မိုးပြဲဒယ်မှာ ဆီတစ်ပိသာကို အရင်ထည့်ရပါမယ်။ ဆီပူလာပြီဆိုပါက ချင်းကို အရင်ဆုံးထည့်ပြီး ဆီသတ်ပါ။ ချင်းနီရဲလာပြီဆိုပါက ရေစင်စင်ဆေးပြီး စစ်ထားသော ကောက်ညှင်းဆန်ကို ထည့်ပြီးလှော်ရပါမယ်။ ကောက်ညှင်းဆန် နီညိုရောင်သန်းလာပါက ရေကို ကောက်ညှင်းဆန်နပ်ရန် နာရီဝက်ခန့်ထားရပါမယ်။ ကောက်ညှင်းဆန်ပေါ်မှာ ငှက်ပျောရွက်လေးအုပ်ပြီးမှ အဖုံးလေးအုပ်မယ်ဆိုရင် ငှက်ပျော်ရွက်နံ့ သင်းသင်းလေးနဲ့ ပိုစားကောင်းမှာပါ။

နာရီဝက်ခန့်ကြာလို့ ကောက်ညှင်းဆန်နပ်ပြီဆိုပါလျှင် အသင့်ကြော်ထားသော အုန်းသီးဆန်၊ မြေပဲ၊ နှမ်း၊ ဆား တို့ထည့်ကာ အားကောင်းမောင်းသန်လူများဖြင့် ယောက်မရှည်နှင့် နာနာမွှေပြီးပါက အရသာရှိလှသော ထမနဲပူပူ နွေးနွေးကို သုံးဆောင်နိုင်ပါပြီ။

အခုရေးပြတာက ကောက်ညှင်းဆန် လေးပြည်နှုန်း မိုးပြဲဒယ် တစ်ဒယ်စာပါ မိမိတို့နိုင်သလောက်အချိုးအစားကို ချိန်ဆ၍ ထိုးနိုင်ပါသည်။

သံဃာတော်တွေ လှူဒါန်းချင်လို့ပဲဖြစ်ဖြစ်၊ စတုဒိသာလှူဒါန်းချင်လို့ပဲဖြစ်ဖြစ် မန်လည်ဆရာတော်ဘုရားကြီးညွှန် ကြားတော်မူခဲ့တဲ့စာချိုးလေးအတိုင်းသာ ထမနဲထိုးကြမယ်ဆိုလျှင် တပို့တွဲလ၏ ရာသီစာဆေးတစ်ခွက်အဖြစ် အရသာ ရှိလှသော ထမနဲလှူဒါန်းနိုင်ကြပါစေကြောင်း ထမနဲထိုးနည်းလေးကို တင်ပြပေးလိုက်ရပါတယ်။ ။

## မူဆယ်၌ မီးဘေးလုံခြုံရေးဇာတ်တိုက်လေ့ကျင့်

**မူဆယ် ဖေဖော်ဝါရီ ၂၁**

မူဆယ်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးတန်းစီကွင်းတွင် ဖေဖော်ဝါရီ ၁၉ရက်က မီးဘေးလုံခြုံရေးစီမံချက်ပါအတိုင်း ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခဲ့သည်။ လေ့ကျင့်ကွင်းသို့ ခရိုင်မီးသတ်ဦးစီးမှူးဦးကိုကိုကြီးမှ မီးလောင်ကျွမ်းမှု ဖြစ်ပွားရသည့် အခြေအနေ မီးလောင်ကျွမ်းမှုဖြစ်ပွားပါက အခြေခံဆောင်ရွက်ရမည့် အချက်များ၊ အယ်နီညိုရာသီဥတုကြောင့် အပူချိန်မြင့်မားနိုင်ပြီး မီးလောင်ကျွမ်းမှု ဖြစ်ပွားနိုင်ကြောင်းနှင့် ရုံးရဲစခန်း လက်နက်တိုက် မိသားစုနေအိမ်လိုင်းခန်းများတွင် မီးသတ်ဆေးဘူး မီးချိတ်၊ မီးကတ်၊ သဲအိတ်၊ ရေပုံးများ ထားရှိရန် ရှင်းလင်းပြောကြားသည်။

မီးသတ်ဆေးဘူး အသုံးပြုပုံအား လင်တွေ့သရုပ်ပြသပြီး တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား လက်တွေ့အသုံးပြုခြင်းတို့ကို စနစ်တကျ သင်ကြားပြသခဲ့သည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ပရဝုဏ်အတွင်းရှိ အဆောက်အအုံများနှင့် မိသားစု နေအိမ်လိုင်းခန်းများ၌ မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကတ် စသည်တို့ ထားရှိမှုကို လိုက်လံစစ်ဆေးသည်။

**ဆရာမောင် (မူဆယ်)**

## ပြည်သူ့အသံ

### ဆူညံသံကြောင့် ကျန်းမာရေး အပါအဝင်ပညာရေးထိခိုက်

ရန်ကုန်မြို့ ဒဂုံမြို့သစ် တောင်ပိုင်းနှင့် မြောက်ပိုင်း လမ်းဆုံမီးပွိုင့်အနီးရှိ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၂၆)ရပ်ကွက် ဘုရင့်နောင်လမ်း ဝဲ/ယာရှိ နေအိမ်များသည် ယခင်က အေးချမ်းစွာရှိခဲ့ရာမှ ယခုအခါ မြို့တွင်းမှ ကားဘော်ဒီဆိုင်များနှင့်ဆောက်လုပ်ရေးသုံး သံငြမ်းလုပ်ငန်းများ ပြောင်းရွှေ့ဝင်ရောက်လာခဲ့ပြီး နေ့/ည အဆက်မပြတ် လုပ်ကိုင်မှုများကြောင့် ဆူညံသံမျိုးစုံထွက်ပေါ်လျက်ရှိပါသည်။

အဆိုပါ လုပ်ငန်းလုပ်ကိုင်သူများသည် ညပိုင်း မီးပျက်ချိန်များ၌ပင် မီးစက်ကြီးများ အသုံးပြုပြီး မဆင်မခြင် လုပ်ကိုင်လျက်ရှိကြရာ ဆူညံသံများကြောင့် လမ်းသူလမ်းသားများမှာ ညစဉ်အိပ်မရကြဘဲ ကျန်းမာရေးထိခိုက်လာခြင်း၊ ကျောင်းသားကျောင်းသူများ၏ ပညာရေးတွင်အနှောင့်အယှက်ဖြစ်ကြရခြင်းတို့ကြောင့် အေးချမ်းစွာ နေထိုင်လိုကြသော လမ်းသူ/လမ်းသားများအနေဖြင့် စိတ်အနှောင့်အယှက်ဖြစ်ကြရသကဲ့သို့ မကျေမနပ်ဖြစ်ကာ ဒေါသထွက်ရခြင်းစသည့် မကောင်းသည့်ခံစားချက်များ ဖြစ်နေကြရပါသည်။

သို့ဖြစ်ပါ၍ ကားဘော်ဒီဆိုင်များနှင့်ဆောက်လုပ်ရေးသုံး သံငြမ်းလုပ်ငန်းများကို သက်ဆိုင်ရာက ကွင်းဆင်းစစ်ဆေးပြီး အမြန်ဆုံးတားမြစ်ပေးကာ ဖယ်ရှားပေးစေလိုကြောင်း တင်ပြအပ်ပါသည်။

**(အေးချမ်းစွာ နေထိုင်လိုကြသော လမ်းသူ/လမ်းသားများ)**

### တရားမဝင်ခြံစည်းရိုးများ ဖယ်ရှားပေးစေလို

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေး (တောင်)ရပ်ကွက် အောင်ရတနာအိမ်ရာ ၁၄ ခန်းတွဲ နှစ်ထပ် Shop House အဆောက်အအုံများ၏ ရှေ့မျက်နှာစာ Car Parking Area အား သစ်ပင် ပန်းပင်များ စိုက်ပျိုး ခြင်း၊ ခြံစည်းရိုးများကာရံခြင်းနှင့် အဆောက်အအုံများ ဆောက်လုပ်ထားပါသည်။

သို့ဖြစ်ပါ၍ ၎င်းတို့အား သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**(စည်းကမ်းတကျဖြစ်လိုသူ)**









Yangon : Innwa Premium Shop, City Star, Eastern (SKT Middle Block), KMD(ChinaTown), H.H Mobile, Global Light (North Okkalapa), Technoland, Linn Latt Mobile (TMW), Point Mobile, Tech Republic (San Chaung),i Feel Mobile (Latha), Easy One, Idea Link, IT Box Mobile, Unique PSD, Unique (SKT), King Power (Seikkanthar Lower Block), Unique (Tamwe), Choice Mobile, KMD Tamwe, J Mobile, KMD (MNG), KMD (PSD).Mobile House (Latha), Like Mobile, E City, Htay Mobile L Mandalay : 77 Mobile & IT Mall, SS Computer (Pyay), Shwe Na Gar (MDY), Orange Mobile (MDY) N.Star Electronic (Pyin Oo Lwin), Kyal Sin (Mogok), Ngwe Sandar Electronic (MDY), Mobile Like (MDY), T.No Mobile (MDY), National Mobile (Bamaw) C/O, One Mobile (Kyaukpadaung) C/O MDY, Any Call, Super Mobile, Mobile Mother, Guru Mobile, i-Phone, Hein Mobile, Mobistar, Super Cell. Naypyitaw : KMD NPT II, Larsho : KMD Larsho II, Myeik : C4E, Meikhtila : KMD Mobile Retail, Mawlamyine : KMD Mobile Retail, Kalay : Hello Tharyarwadi : Home Mobile, Kyan Khin : Evasion Mobile, Sittway : N.X Mobile, Loi Kaw : J & K Mobile, Pyin Ma Nar Lu Gyi Min, Pu Law : Edison Mobile, Win Mobile, Dawei : Padetha D.Com Mobile, Nyi Nyi Mobile, BSM Mobile, idea Mobile, Myeik : C4E, ZarNi Mobile , Gentlemen Mobile, YC Mobile, Mahar Myanmar Mobile, 12 call Mobile, Nandar Win Mobile, Wai Phyo Mobile, Golden land Mobile, Pyay : Wise Power, NSM, Soe San, Fevo Mobile, Respect Mobile, Shwe Tike Mobile, A1 Mobile, Dr. Mobile, Palae Shwe Wah, TaungTwinGyi : Palae Mobile, Lett Puttar - Shwe Nadi Mobile, Pha-An : Zenith, Tresure Net, Sittway : Super Hut Mobile, Palae ShweWah Mobile, Padan : La Minn Thit Mobile, Taunggyi : Myint Mo

DEALER WELCOME: 01 385077

Authorised Distributor
DCD (လိုင်စဉ်-၁၄၂)
၃၈၄၁၀၉၊ ၃၈၀၁၃၅၊ ၃၈၀၁၂၉




## ဒေါ်မြင့်မြင့်ခင်
## မြင့်မိသားစု အမွေးပွဲအရုပ်ဆိုင်


ယခင်-အမှတ်(၅၄၀၊ ၅၉၄၊ ၅၉၇) တတိယထပ်၊ မင်္ဂလာဈေး၊ အား ယခုအမှတ်(၄၇)၊ ဒုတိယထပ်၊ ရွှေမင်္ဂလာဈေးသို့ ပြောင်းရွှေ့ဖွင့်လှစ်ထားပါသည်။

ဂိုထောင်-အမှတ်(၅၁၊ ၅၂)၊ ၁၃၃လမ်း၊ တာမွေ
Ph:09-5078265, 09-420006793,
09-420068534

## သားအဖြစ်မှစွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့၊ ရွှေပြည်ရန်အောင်ကျောင်းလမ်းနေ ကျွန်ုပ် ဦးအောင်ချမ်းမင်း[၇/ပခန(နိုင်)၂၂၆၉၇၄]၏သားဖြစ်သူ မောင်အာကာမင်းသည် ၁၄-၂-၂၀၁၆ ရက်တွင် ခွင့်မလွှတ်နိုင်သောကိစ္စများ ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စရပ်များ လုံးဝ(လုံးဝ) တာဝန်ယူဖြေ ရှင်းပေးမည်မဟုတ်ကြောင်း ကြေညာလိုက်သည်။

ဖခင် ဦးအောင်ချမ်းမင်း[၇/ပခန(နိုင်)၂၂၆၉၇၄]




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/သနိုင်းမြေကွက်အမှတ်(၅၀)၏အစိတ်အပိုင်း မြေကွက်တည်နေရာအမှတ်(၁၄၃)၊ အောင်သိဒ္ဓိလမ်း၊(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်မှ အသက်အမည်ပေါက်၊ ဂြာမြေ - A မြေအားအရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်လာသူ ဦးဇော်ဝင်းမှ (တရားလို)ပြုလုပ်၍မရမ်းကုန်းမြို့နယ်တရားမရုံး၊ တရားမမှုအမှတ်-၁/၂၀၁၄ဖြင့် ဒေါ်စန္ဒာမိုးအား(တရားပြိုင်)အားရှိပြီးအရောင်း အဝယ်စာချုပ်ဆိုပေးရန်တရားစွဲဆိုခဲ့ရာတရားလိုမှ အနိုင်ဒီကရီရရှိခဲ့ပါသည်။ အဆိုပါ မှုအမှတ်-၂၁/၂၀၁၄ အရတရားရုံးကိုယ်စား တရားရုံးမှဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်ဦးဆန်းရီ (ဥပဒေ)(၁၁/ကတန(နိုင်)၀၀၀၆၇၄)မှ တရားရုံး ဒီကရီစီရင်ချက်အရ ထောက်အထား မရမ်းကုန်းမြို့နယ်တရားရုံးမှ ၁၅-၁-၂၀၁၆ ရက်စွဲပါစာဖြင့် တာဝန်ပေးအပ်ခြင်းခံရ၍ လယ်ယာမြေဥပဒေ ပုဒ်မ - ၃(က)ဝန်ခံချက်လက်မှတ်ရေးထိုး အားလာရာတရားဝင်နိုင်လိုသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## သွှင်တဲ့ကောန်ဂကူမန်

မရနက်ကို (၆၉) ဝါ

## ၆၉-ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနား (ရန်ကုန်)

နှစ်စဉ် တပို့တွဲလပြည့်ကျော် (၁) ရက်နေ့သည် မွန်အမျိုးသားနေ့ ဖြစ်ပါသည်။ (၆၉) ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မွန်တစ်မျိုးသားလုံးနှင့် စိတ်ပါဝင်စားသူတိုင်း မည်သူမဆိုကြွရောက်အားပေး ချီးမြှင့်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် ... **၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၁)ရက်၊ ဗုဒ္ဓဟူးနေ့ (24-2-2016)**
ကျင်းပမည့်အချိန် ... **ညနေ (၆း၀၀) နာရီ အခမ်းအနား ဖွင့်လှစ်ပါမည်။**
ကျင်းပမည့်နေရာ ... **ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၊ ဒဂုံမြို့နယ်။**

| ပျော်ပွဲရွှင်ပွဲ | | |
|---|---|---|
| | ၂၃-၂-၁၆ (တပို့တွဲလပြည့်) | ဆွန်ညီဆွန် (မွန်ဇာတ်သဘင်) |
| | ၂၄-၂-၁၆ (တပို့တွဲလပြည့်ကျော်(၁)ရက်) | ဆွန်ညီဆွန်ဇာတ်မှ မွန်သူရဲကောင်း လဂွန်းအိန်ဇာတ်လမ်းနှင့်အတူ မွန်ယဉ်ကျေးမှုပဒေသာကပွဲများ |

ကျင်းပရေးကော်မတီ

(မြေနီကုန်းပြည်လမ်းဂိတ်ပေါက်ဝမှဝင်ရန်)



## စိတ်ပညာမိသားစု(၂၃)ကြိမ်မြောက်
## "အာစရိယပူဇော်ပွဲနှင့်ကျောင်းသား/သူဟောင်းများတွေ့ဆုံပွဲ"

စိတ်ပညာဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ဘွဲ့လွန်အသုံးချစိတ်ပညာ၊ ဘွဲ့လွန်လူမှုရေးပညာ ဒီပလိုမာဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများ၏(၂၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့်ကျောင်းသား၊ ကျောင်းသူဟောင်းများတွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ဖိတ်စာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၈-၂-၂၀၁၆ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၀၀နာရီ
ကျင်းပမည့်နေရာ - ပန်ဒါဟိုတယ်၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်။

အလှူငွေများကို အောက်ပါပုဂ္ဂိုလ်များနှင့်ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဒေါက်တာနီလာကြူပါမောက္ခဌာနမှူး(စိတ်ပညာဌာန)၊ ရန်ကုန်တက္ကသိုလ်-ဖုန်း-၅၃၇၃၇၅၊ ဒေါ်သက်ထားဝင်း-ဖုန်း-၃၈၇၆၇၈၊ ဦးစောဝေ-ဖုန်း-၅၁၂၇၁၄၊ ဦးတင်ကိုကို-ဖုန်း-၂၄၃၁၅၁၊ ဗိုလ်မှူးကျော်ကျော်(ငြိမ်း)ဖုန်း-၀၉-၅၀၁၉၅၀၀၊ ဦးဝင်းမောင်-ဖုန်း-၀၉-၅၁၇၄၅၂၁၊ ဦးစန်းဝင်း-ဖုန်း-၀၉-၅၀၁၉၁၅၅၊ ဦးမြတ်အေး-ဖုန်း-၀၉-၅၀၀၄၉၄၆၊ ဗိုလ်မှူးလှမြင့်(ငြိမ်း)ဖုန်း-၀၉-၅၀၀၁၁၂၃တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

စိတ်ပညာမိသားစုအာစရိယပူဇော်ပွဲနှင့်
ကျောင်းသား၊ ကျောင်းသူဟောင်းများတွေ့ဆုံပွဲဖြစ်မြောက်ရေးကော်မတီ



## ကား မျိုးစုံ

(Alphard/Crown/MarkII/အခန်းတတွဲ/Hiace ၉/၁၃စီးယောက်စီး၂၄/၂၆/၃၃/၄၅/၄၃ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်မောင်းများကိုယ်တိုင် ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။

Ph : 09795549249, 095418126



## Asia Top 0943164118,09421099574,098635520

▲ ပေါ်တော်မူဘုရားပွဲတော်နှင့် ငွေတောင်ကမ်းခြေ 45000
▲ ဓနုဖြူ၊ ကျောက်ထုံ၊ ကျောင်းတော်ရာ၊ ရွှေညောင်ပင်၊ ပြည်ဘုရားစုံ 45000
▲ ရွှေကော်တော်၊ အာလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ လမ်းဘုရားစုံ 85000
▲ ရွှေကော်တော်၊ မုတ် (ရွှယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ-သီဟိုဠ်ရှင် 80000
▲ အာလောင်းတော်ကဿပ၊ ပန္နလေး၊ စစ်ကိုင်း၊ မုံရွာ 65000 ဆက်၍- မြင်းဦးလှမ်းပါ 85000
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ ထမ်းဝမ်း၊ တကွန့၊ တောင်ပေါ်တန်းဘုရားစုံ 70000
▲ ဒေါ်လေယ်ရှင်ကိုးဆူ၊ မော်လမြိုင်၊ ကျိုက်ထီး၊ ဇာတ်ခံကမ်းခြေ 100000
▲ မုတ် (ရွှယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ-သီဟိုဠ်ရှင် 65000
▲ မော်လမြိုင်၊ ကျိုက်ထီး၊ ဇာတ်ခံကမ်းခြေ၊ လမ်းဘုရားစုံ 25000

Air-con



## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ Capt;အောင်ဇံ(P.C.L.,LTD)-ဒေါ်ငွေငွေအုန်း
(ရင်သွေးဖုန်အဆင့်မြင့်မှုကြို) တို့၏ သားကြီး

**ဒေါက်တာ မင်းအောင်ခန့်**

M.B.,B.S(Ygn), M.Med.Sc(Ophthalmology) (ရန်ကုန်မျက်စိဆေးရုံကြီး)

နှင့်

ရန်ကုန်မြို့နေ ဦးစန်းမောင်(ကိုမောင်မောင် အိတ်ဆိုင်၊ ယုဇနပလာဇာ)-
ဒေါ်နှင်းသီ တို့၏ တစ်ဦးတည်းသောသမီး

**မနှင်းဝေအောင်**

B.A(History), Diploma in Accounting(UK),
Higher National Diploma in Business Management(UK)

တို့သည်ရန်ကုန်မြို့ Sedona Hotel (Mindon Hall)၌ ၂၀-၂-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာ မင်းအောင်ခန့်-မနှင်းဝေအောင်



**အမည်ပြောင်း**

အဖ ဦးကြည်ဝင်း၏သမီး သန်လျင်မြို့၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ တတိယနှစ်(စီးပွားရေးပညာ)မှ မထက်ထက်အောင်အား မအိသွင်ထိုက်ဟု ပြောင်းလဲခေါ်ပါရန်။

မအိသွင်ထိုက်



## EAGLE GUEST HOUSE

ရန်ကုန်လေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ သွားရလွယ်ကူသော EAGLE တည်းခိုရိပ်သာ
၁၉၂၊ အာဿဝတီလမ်း(ဘုန်းကြီးလမ်း)၊ မြောက်ဥက္ကလာ၊ မယ်လမုဘုရားမီးပွိုင့်အနီး

ဖုန်း ၀၁ ၆၅၆၀၈၈
၀၉ ၇၃၀၄၃၆၇၃
၀၉ ၃၂၂၂၁၄၄၇

၁၂၀၀၀ ကျပ်
၁၇၀၀၀ ကျပ်



## ရွှေစံအိမ်အဆင့်မြင့်တည်းခိုခန်း

ပန်းဆိုးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သဘော်စီး၊ ဒလဘက်ကမ်းရောက်လျှင် ၅မိနစ်ဆိုက်ကားစီး၊
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။
(၁၃၉၉) ဗိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်။

☎ ၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၅၃၃

၁၀၀၀၀ ကျပ်
၁၄၀၀၀ ကျပ်
30$



## " ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ "

ရန်ကုန်တိုင်းဒေသကြီး ၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂) ရပ်ကွက်၊ မာယ(၁၂)လမ်း၊ အမှတ် (၉၁၉/က)၊ ၄-လွှာ(စတုတ္ထထပ်)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ကန်ထရိုက်တာ ဦးဇော်ဇော်လှိုင် (၁၂/ဥကတ(နိုင်)၀၀၀၅၆၀)၊ ဦးကျော်စည်ထိုက် (၁၂/ဥကမ(နိုင်)၀၁၅၂၇၇)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် သဘောတူကြပြီး ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို (စရံငွေ)အဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီးအပိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ခင်လှဲ့ဝေ ( LL.B., D.B.L.)
အထက်တန်းရှေ့နေ (စဉ်-၃၈၉၈၀)
အမှတ်- ၂၁၊ (၄-လွှာ) ၊ စက်တွင်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။






ဧည့်ဝတ်ပျူငှာ တို့ မြန်မာ

ရှေးကျီးသာရင် ရှေးဧည့် သည်တွေလာတယ်လို့ ယုံကြည်တတ်တာက မြန်မာလူမျိုးများရဲ့ဓလေ့ပါ။
ဧည့်သည်လာရင် ဧည့်ဝတ်ကျေတတ်တာလည်း မြန်မာ့ဓလေ့တစ်ခုပါပဲ။
ကျွန်မတို့ရဲ့ဧည့်ကောင်းဆောင်ကောင်း တွေကို မြန်မာ့လက်ဖက်ရည် ရသာစစ်
**Royal Myanmar Tea Mix** နဲ့ဧည့်ခံလိုက်ပါ။

www.facebook.com/RoyalMyanmarTea

ရွှေမြို့ အာကာဆွေနန်းအပြည့်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း
ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ၁၉.၃.၂၀၁၆ အထူးဈေးနှုန်း (၁၅၀၀၀၀ိ/-)
၂၀၁၅-၂၀၁၆ သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊ အိန္ဒိယ-နီပေါ ဗုဒ္ဓဂယာ၊ နယူးဒေလီ၊ တာ့ချ်မဟာ (၁၄ညအိပ် ၁၅ရက်)ဘုရားဖူးခရီးစဉ်များကို အကောင်းဆုံး ဝန်ဆောင်မှုတို့ဖြင့် ပို့ဆောင်ပေးမည်ဖြစ်ပါသည်။ လိုက်ပါမည့်သူများ ကြိုတင်၍ စာရင်းပေးသွင်းနိုင်ပြီဖြစ်ပါသည်။ နိုင်ငံကူးလက်မှတ်ရှိသူများ ၅၀၀၀ိ/- လျှော့ပေးမည်ဖြစ်ပါသည်။ (၁၆)ဦးတစ်ပြိုင်တည်းစာရင်းပေးသွင်းလျှင် (၁)ဦးအခမဲ့လိုက်ပါခွင့်ပြုပါမည်။ ယခင်နှစ်များက လိုက်ပါခဲ့ကြသော ဘုရားဖူးမိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါကြောင်း
အမှတ် ၁၀၅ (ရွှေမိုးပရိဘောဂတိုက်) သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဆက်သွယ်ရန်ဖုန်း ၀၁-၅၄၆၈၂၀ ၊ ၀၁-၅၄၂၆၈၇၊ ၀၉-၅၀၂၁၀၉၂

**Apex Alliance Travel & Tours Company Limited**
ခရီးသွားလက်မှတ်လုပ်ငန်း
"၁၀ တန်း စာမေးပွဲအပြီး နွေရာသီကျောင်းပိတ်ရက် ခရီးစဉ် နှင့် April ကျောင်းပိတ်ရက် ခရီးစဉ်များ"




| | | | | | |
|---|---|---|---|---|---|
| Bangkok - Pattaya | ( 4N/5D ) | Mar 21 | Chaing Mai - Bangkok | ( 5N/6D ) | Apr 10 |
| Chaing Mai | ( 3N/4D ) | Mar 21 | Bangkok - Pattaya | ( 4N/5D ) | Apr 11 |
| Singapore | ( 4N/5D ) | Mar 22 | Japan | ( 7N/8D ) | Apr 12 |
| Buddha Gaya | ( 7N/8D ) | Mar 22 | Singapore | ( 4N/5D ) | Apr 13 |

No.124 B, Aung Chan Thar (1)St, Kamayut Township. Ph - 01 527 117 , 01 536 665

**Rising Tide Travel & Tours**

| | | | |
|---|---|---|---|
| ကိုရီးယား | (8N9D) | Apr 12 - 20 | 2100 USD |
| ဂျပန် | (7N8D) | Apr 11 - 18 | 2800 USD |
| စင်ကာပူ | (4N5D) | Apr 12 - 16 | 999 USD |
| ဗီယက်နမ် | (5N6D) | Apr 11 - 16 | 850 USD |
| ဗန်ကောက် | (5N6D) | Apr 11 - 16 | 650 USD |

09-312 500 70
09-254 757 722
09-798 335 531
09-798 335 532

No.103, 5th Floor, Room(5-B), Kyun Taw Road, Sanchaung Tsp, Yangon.
Email: sales@risingtidetravels.com, reservation@risingtidetravels.com

ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်
သံဝေဇနီယ နှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ၊ အာဂရာ တာ့ချ်မဟာ နေရာများသို့ (၁၄ ည / ၁၅ ရက်) ခရီးစဉ် 800 USD + ၅၀၀၀ိ/-
သံဝေဇနီယ (၄)ဌာန နှင့် ဗုဒ္ဓဌာနများ (၇ည/ ၈ရက်) ခရီးစဉ် 700 USD + ၅၀၀၀ိ/-
536348, 537707, 537708, 09 500 1763, 09 501 3727, 09 256174414, 09 516 4664
545215, 545216, 555173
09 402 64 8989, 09 5300305

Advanced Zealous Travels and Tours
မြန်မာ-လာအို-ဗီယက်နမ်-မြန်မာ (သုံးနိုင်ငံ Off Road ကားမောင်းခရီးစဉ်)
Adventure Caravan Trip
9-21 April 2016 (12 -Nights/13-Days)
မတ်လ (၅) ရက် နောက်ဆုံးထား စာရင်းပေးသွင်းပါရန်
Lucky Draw
Off Road
Room No.(0219),2nd Floor,ExcelTower,Shwe gone dine,Bahan Township, Yangon, Myanmar
Contact to : 09 785322785, 09 5156733, 09 5144106, 09 783644106, 09 261962137

မြတ်ဗောဓိ ဗုဒ္ဓဂယာအဆင့်မြင့်ဘုရားဖူးအဖွဲ့
India GSM Simcard နှင့် Internet Wifi
နယူးဒေလီ(HOTEL)
Ph:01-377129, 09-49338595, 263125261, 788304828, 420134528 E-mail:myatbodhi@gmail.com

အမည်ပြောင်း
အဖအမည် ဦးအောင်ငွေမျိုး၏သား (အထက-၃) ဗိုလ်တထောင်၊ စတုတ္ထတန်းမှ မောင်အောင်မြင့်မိုရ်ခန့်အား မောင်သော်ဒီအောင်ဟု ပြောင်းလဲခေါ် ဆိုပါရန်။
သော်ဒီအောင်

မီး သတိပြု

**EASY GO TRAVEL & TOURS** အဆင့်မြင့်ခရီးသွားလုပ်ငန်း
Best Service For All You Needs !!
ဆက်သွယ်ရန် - 01-227925, 2300302, 09-5091205, 257781722, 01-377351, 377352, 246239, 09-5069882

FAME
**Nephrotec®**
For healthy kidney
ကျောက်ကပ်ဆေး
TMR 012139 (0516)
ISO 9001 : 2015
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
**Urocrush®**
For renal stones
ဆီးကျောက်ပျော်ဆေး
TMR 006245 (0717)
ISO 9001 : 2015
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

သင့်လုပ်ငန်းအတွက် အကောင်းဆုံးလမ်းညွှန်
YOUR INDUSTRY, YOUR DIRECTORY
MYANMAR Automobile EQUIPMENT DIRECTORY
www.myanmarautomobiledirectory.com



ကား Show Roomများ၊ ကားပစ္စည်းအရောင်းဆိုင်များ၊ ကားအငှားဝန်ဆောင်မှုလုပ်ငန်းများ၊ Service center များ၊ ဝပ်ရှော့များ၊ ကားနှင့်ပတ်သက်သောလုပ်ငန်းမျိုးစုံကို တစ်နေရာထဲတွင်ရှာဖွေနိုင်သော မြန်မာ့ကားနှင့် အပိုပစ္စည်းလမ်းညွှန်
၂၀၁၆ အတွက် ကြော်ငြာထည့်သွင်းလိုပါက
YANGON
Sale: 09 44800 1662
Tel: 373254, 245358 Ext: 810-819
Email: ydg.adv@gmail.com
MANDALAY
Sale: 02 4000611
Tel: 02 4000612, 614, 615, 616
Email: mdg.adv@gmail.com

ကြော်ငြာ




**အမျိုးသားစာပေဆုရှင်ကြီး**

Quality Products
**UPT**
Serving People

# ဦးဖေသိန်း

B. Sc. Engg. Electrical

လျှပ်စစ်ပညာကျွမ်းပြုဆရာကြီး ကိုယ်တိုင်ကျွမ်းကျင်တဲ့ပညာရှင် တိုင်းတပါးသားအားကိုးခြင်းမရှိ လုပ်ငန်းသက်တမ်း၃၄နှစ်ကျော်ရှိ

ရပ်ကွက်၊ကျေးရွာ၊စက်ရုံသုံး ထရန်(စ)ဖေါ်မာကြီးများထုတ်လုပ်ရောင်းချနေတာ ၁၄နှစ်ရှိခဲ့ပါပြီ၊သရီးဖေ့(စ)စလုံးကျွိုင်လောင်ပြီးပြန်လာတာမရှိသေးပါဘူး။ 6.6/0.4 KV, 11KV/ 0.4 KV, 33/0.4KV အရွယ်စုံထုတ်လုပ်နေပါတယ်။ ရောင်းချတဲ့အလုံးတိုင်းအင်အားပြည့်ထွက်ရှိကြောင်းဝယ်ယူသူရှေ့မှာနာရီများစွာ စမ်းပြပေးပါတယ်၊ ၁၀%ဝန်ပိုပြီးလည်းစမ်းပြပါတယ်၊မည်သည့်နိုင်ငံလုပ်မည်သည့်တံဆိပ်ပဲဖြစ်ဖြစ်50 KVA မှ 1500 KVA အတွင်း ပြုပြင်ပေးပါတယ်။ ထရန်(စ)ဖေါ်မာ အကြိမ်ကြိမ်လောင်တဲ့နေရာကိုကွင်းဆင်းလေ့လာပြီး ပြဿနာရဲ့အကြောင်းအရင်းကိုစစ်ဆေးဖေါ်ထုတ်ပြုပြင်ပေးတယ်။ Tel.01-561868,577404,095019348

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀၊ မြေကွက်အမှတ်-၁၀/၄နှင့် ၁၀/ည၊ မြေကွက်တည်နေရာအမှတ်-၁၅၅၊ ယောဂီကျောင်းလမ်း၊ ၉-ရပ်ကွက်၊ (မြေပိုင်မြေ)နှင့် (ဘီ-မြေပိုင်မြေ) အမည်ပေါက် ဦးအောင်မြင့်မြေအား ဒေါ်ခင်လင်း(ခ) ဒေါ်ခင်သန်းလင်း[၁၂/ လမတ(နိုင်) ၀၂၉၂၇၉]က အမည်ပေါက်ဦးအောင်မြင့်(ခ) ဦးလင်ဝင်ဆိုင်းကွယ်လွန်သဖြင့် တစ်ဦးတည်းသော အမွေဆက်ခံခွင့်ရှိသူ (ဇနီး)တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ သေစာရင်းတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အထူးအစီအစဉ်

၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ(၂၈)ရက် တစ်ရက်တည်းသာ အရိုးကြီးပေါင်းတက်ခြင်း၊ လည်ပင်းနာခြင်း၊ ခါးနာခြင်း၊ အရိုးအကြောအဆစ်နာခြင်း အစရှိသည့် ဝေဒနာများအတွက် အခမဲ့ တိုင်ပင်ဆွေးနွေးနိုင်မည့် အစီအစဉ်ရှိပါသည်။

အသေးစိတ်စုံစမ်းရန်-ZAW MAUNG MEDICAL SERVICES -09-73191864, 09-976508432

(နံနက် ၉း၀၀နာရီမှ ညနေ ၅း၀၀နာရီအတွင်း)



Hot Line No-0930500100



# (၆၈)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနား ဟားခါးမြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က ဟားခါးမြို့ ဝမ္မသူးမောင်အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ နိုင်ငံတော်သမ္မတကိုယ်စား သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ချင်းအမျိုးသားနေ့ အထိမ်းအမှတ်မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် (၆၈)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ဆက်လက်ကျင်းပရာ အခမ်းအနားသဘာပတိအဖြစ် ဖလမ်းမြို့နယ်မှ ဒေါ်ရွှေထွေးက ဆောင်ရွက်ပြီး ရှေးဦးစွာ ချင်းအမျိုးသားနေ့ပွဲတော်အတွက် ဝတ်ပြုဆုတောင်းကြသည်။

ထို့နောက် သဘာပတိက နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သည့် (၆၈)နှစ်မြောက် ချင်းအမျိုးသားနေ့သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဖတ်ကြားသည်။

ဆက်လက်၍ (၆၈)နှစ်မြောက် ချင်းအမျိုးသားနေ့အတွက် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့ထံမှပေးပို့သည့် သဝဏ်လွှာများကို မှတ်တမ်းတင်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

## နိုင်ငံပိုင်လေကြောင်းလိုင်း ရန်ကုန်-ဗန်ကောက်-ရန်ကုန် ခရီးစဉ် စတင်ပြေးဆွဲ


**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

နိုင်ငံပိုင် လေကြောင်းလိုင်းတစ်ခုဖြစ်သော မြန်မာအမျိုးသားလေကြောင်းလိုင်း Myanmar National Airlines ၏ ပြည်ပခရီးစဉ်တစ်ခုအနေဖြင့် ရန်ကုန်-ဗန်ကောက်- ရန်ကုန် ခရီးစဉ်ကို ဖေဖော်ဝါရီ ၂၀ ရက်မှ စတင်ကာ ပြေးဆွဲခဲ့သည်။

အဆိုပါ ခရီးစဉ်သည် နိုင်ငံပိုင်လေကြောင်းလိုင်းအနေဖြင့် Myanmar National Airlines အမည်ဖြင့် ကော်ပိုရေးရှင်းအသွင်ဖွဲ့စည်းပြီးနောက် ပြည်တွင်းပြည်ပခရီးစဉ်များ ပြန်လည်ပြေးဆွဲခဲ့ရာတွင် တတိယမြောက် ပြည်ပခရီးစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။ ရန်ကုန်-ဗန်ကောက်-ရန်ကုန် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

ရှမ်းနှင့် ချင်း၊ ဌဲကပင်နှင့် ရတနာပုံသရေကျပြီး ဧယျာရွှေမြေ နိုင်ပွဲပြန်ရ
စာမျက်နှာ - ၇

သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် သတိပေးကြေညာ
စာမျက်နှာ - ၁၀



## သစ်ကုလားအုတ်တစ်စုံ ဂျပန်နိုင်ငံမှ ရောက်ရှိမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) အတွက် ဂျပန်နိုင်ငံ Sapporo Zoo မှ သစ်ကုလားအုတ်နှစ်ကောင်သည် ဖေဖော်ဝါရီ ၂၂ ရက်တွင် ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ရောက်ရှိပြီး ဖေဖော်ဝါရီ ၂၃ ရက်တွင် မြဝတီမြို့မှ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ မော်တော်ယာဉ်များဖြင့် သယ်ဆောင်လာမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)




themirror.npt@gmail.com
www.facebook.com/themirrordaily